ကပြင်ရပ်ဝန်း

ISP On Point

ISP Series

အမှတ်-၂၀ • ဖေဖော်ဝါရီ ၁၆ ရက်၊ ၂၀၂၄ ခုနှစ်

# ပြည်သူ့စစ်မှုထမ်းဥပဒေ

## ဝရုန်းသုန်းကားအခြေအနေနှင့် သက်ရောက်ဖြစ်တန်ခြေ ငါးရပ်

နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ထုတ်လုပ်မှုများအတွက် စွန့်လွှတ်ရမှု တန်ဖိုးကြီးမားပြီး
နိုင်ငံ၏ ဖြစ်ထွန်းမှုလမ်းကြောင်းတခုလုံး မျိုးဆက်နှင့်ချီ အနုတ်လက္ခဏာအရွေ့ ဖြစ်သွားနိုင်ခြေရှိသည်။


၂၀၁၉ ခုနှစ်အတွင်း ရှမ်းပြည်နယ် နောင်ချိုမြို့နယ် ဂုတ်တွင်းရဲစခန်း ဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် ရောက်ရှိလာသည့် မြန်မာစစ်တပ် စစ်ကြောင်းအား တွေ့ရစဉ်။

STR/AFP

## ဖြစ်ရပ်အချက်အလက်

အရင်စစ်အစိုးရလက်ထက် ၂၀၁၀ ပြည့်နှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ 'ပြည်သူ့စစ်မှုထမ်းဥပဒေ' အာဏာတည်ကြောင်း စစ်ကောင်စီက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှာ အမိန့်ထုတ်လိုက်ပါတယ်။ ပြည်ပနိုင်ငံတခုခုနဲ့ စစ်မက်ဖက်ပြိုင်နေရချိန်မဟုတ်ပါဘဲ၊ စစ်အာဏာသိမ်းမှုအလွန် ပိုမိုကျယ်ပြန့်လာတဲ့ ပြည်တွင်းစစ်နဲ့အတူ စစ်ကောင်စီ အရေးနိမ့်နေချိန်မှာ ဒီဥပဒေကို အသက်သွင်းလိုက်တာမို့ လူဦးရေ ၁၄ သန်း နီးပါးရှိတဲ့လူငယ်တွေနဲ့ ဆက်စပ်သမျှ မိဘဆွေမျိုးတွေအကြား စိုးရိမ်ပူပန်မှု မြင့်တက်စေခဲ့ပါတယ်။ ဖေဖော်ဝါရီ ၁၃ ရက်မှာတော့ 'ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့'ကို စစ်ကောင်စီက ဖွဲ့စည်းပါတယ်။ ဧပြီလအတွင်း အကောင်အထည်ဖော်ပြီး အပတ်စဉ်တခုမှာ လူ ၅,၀၀၀ နှုန်းနဲ့ တနှစ်စာ အင်အား လူ ၆၀,၀၀၀ နှုန်း လျာထားတယ်လို့ ဆိုပါတယ်။ စစ်မှုထမ်းဟောင်းတွေကို ပြန်ခေါ်မယ့် 'အရန်တပ်ဖွဲ့ ဥပဒေ'ကိုလည်း ဖေဖော်ဝါရီ ၁၃ ရက်မှာပဲ အသက်သွင်းခဲ့ပါတယ်။


## ကနဦးသုံးသပ်ချက်

ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ ဆက်နွယ်တဲ့အကြောင်းအရာကို သုံးပိုင်းခွဲ ပိုင်းဆစ်နိုင်ပါတယ်။ ပထမတခုက အင်အားပြုန်းတီးနေတဲ့ မြန်မာစစ်တပ်မှာ စစ်သားစုဆောင်းဖို့ အင်နဲ့အားနဲ့ လိုအပ်နေတာ၊ စစ်တပ်အပေါ် လူထုထောက်ခံမှု လုံးဝနီးပါးကျဆင်းနေချိန်မှာ လက်ရှိ စစ်သားစုဆောင်းပုံတွေက အလုပ်မဖြစ်၊ မကာမိတော့တာကြောင့် စစ်မှုထမ်းဥပဒေ လိုအပ်လာတဲ့အပိုင်းဖြစ်ပါတယ်။ ဒုတိယပိုင်းက ပြည်သူ့စစ်မှုထမ်းဥပဒေကို ဘယ်လို အကောင်အထည်ဖော် အသက်သွင်းမလဲဆိုတာပါ။ သက်ရောက်ဖြစ်တန်ခြေ ငါးရပ်ဖြစ်တဲ့ (၁) ဖိနှိပ်မှုတိုးလာလို့ လူ့အခွင့်အရေးချိုးဖောက်တာတွေ ပိုများလာနိုင်ခြေ၊ (၂) အောက်ခြေအဆင့်ဆင့်မှာ လာဘ်စားဖို့ လမ်းဖွင့်လိုက်သလိုဖြစ်ခဲ့ရာက အဂတိလိုက်စားမှုတွေ ကျယ်ပြန့်လာနိုင်ခြေ၊ (၃) အစုလိုက်အပြုံလိုက် ပြည်ပထွက် ရွှေ့ပြောင်းထွက်ခွာနိုင်ခြေ၊ (၄) စစ်သား စုဆောင်းမှုတွေရဲ့ ပစ်မှတ်ဟာ ကျေးလက်လူငယ်၊ ဆင်းရဲလူငယ်တွေ ဖြစ်နိုင်မယ့်အပြင် ဗမာလူငယ်တွေ၊ ပဋိပက္ခနဲ့ လက်နက်ကိုင်တပ် ကြီးကြီးမားမားမရှိတဲ့ နယ်မြေတွေက လူမျိုးစုလူငယ်တွေ ဖြစ်နိုင်တာ၊ လူ့အဖွဲ့အစည်းအတွင်း လူတန်းစား၊ လူမျိုး၊ ဘာသာနဲ့ ဒေသစတာတွေအပေါ် မူတည်ပြီး အကွဲအပြားနဲ့ အာဃာတတွေ ပိုဆိုးရွားလာနိုင်ခြေနဲ့ (၅) လူငယ်တချို့ အထူးသဖြင့် ပဋိပက္ခနဲ့နီးစပ်ရာဒေသက လူငယ်တချို့အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင် (EAOs) နဲ့ ပြည်သူ့ကာကွယ်ရေးတပ် (PDF) အဖွဲ့တွေဆီ သွားရောက် ပါဝင်နိုင်ခြေစတာတွေကိုတော့ တတိယပိုင်းအဖြစ် ဖြစ်တန်ခြေအကဲဖြတ်ချက်မှာ ဖော်ပြသွားပါမယ်။

ISP-Myanmar ရဲ့ သုတေသနပြု လေ့လာမှုတွေအရ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လက်ထက်ကစလို့ စစ်ခေါင်းဆောင်တွေဟာ တပ်မတော်အတွက် အင်အားလျာထားတဲ့အခါ နိုင်ငံ့လူဦးရေရဲ့ တစ်ရာခိုင်နှုန်းလောက်အထိ ကြီးထွားအောင် ကြံရွယ်တည်ဆောက်ပုံရတာတွေ့ရပါတယ်။ လူဦးရေ သန်း ၅၀ ကျော်မှာ တပ်ဖွဲ့ဝင် ငါးသိန်းကျော်ရှိရမယ်ဆိုတဲ့ ပြင်ဆင်မှုနဲ့ စုဆောင်းဖို့ရည်မှန်းခဲ့တာပါ။ တပ်ရင်းတရင်းကို ဖွဲ့စည်းတဲ့အခါ ပျမ်းမျှအနေနဲ့ အရာရှိ ၃၀-၆၀ ဝန်းကျင်အပါအဝင် စစ်သည် ၇၂၀-၇၅၀ ခန့် (အစောပိုင်းကာလတွေမှာ ၈၁၄-၈၅၇ ဦး) ဆိုပြီး စဉ်းစားခဲ့ကြပါတယ်။ ဒါပေမဲ့ အဲဒီလို တပ်တိုးချဲ့ချိန်ကစလို့ တပ်ရင်းတိုင်း ဖွဲ့စည်းပုံပြည့်ခဲ့တာ မရှိပါဘူး။ လျာထားချက်မပြည့်ပေမဲ့ တပ်ရင်းတရင်းကို လစဉ် တပ်သားသစ် ၁၀ ဦးရအောင် စုဆောင်းခိုင်းခဲ့ပါတယ်။ အဲဒီနှုန်းအရဆို ကြည်းတပ်၊ လေတပ်၊ ရေတပ် လက်ရုံးတပ်တွေ အားလုံးပါတဲ့ တပ်ရင်း ၈၀၀ ဝန်းကျင်မှာ တပ်သားသစ် တလ ၈,၀၀၀ နှုန်း စုလိုတဲ့သဘော ရှိခဲ့ပုံရပါတယ်။ အဲဒီရည်မှန်းချက်ကလည်း ဘယ်တော့မှမပြည့်မီပါဘူး။ ၂၀၀၀ ပြည့်နှစ်ကနေ ၂၀၂၀ ပြည့်လောက်အထိ ပျမ်းမျှအနေနဲ့ တလကို တပ်သားသစ် ၁,၀၀၀ ဝန်းကျင်လောက် ရလေ့ရှိပေမဲ့ အလိုအလျောက်စစ်မှုထမ်းမှုတွေ နည်းပါးလာပြီး အဓမ္မစုဆောင်းတာ၊ ငွေပေးဝယ်တာ စတဲ့ နည်းပေါင်းစုံသုံးလို့သာ ရခဲ့တာပါ။ ဒီကြားထဲရလာတဲ့ လူသစ်တွေထဲမှာ စစ်ပြေးနှုန်းက တလကို ပျမ်းမျှ ၄၀၀ ဝန်းကျင် အနည်းဆုံးရှိတာမို့ လူသစ်စုမှုမှာ ၆၀၀ ဝန်းကျင်လောက်ပဲ အသားတင်ကျန်လေ့ရှိပါတယ်။

## ■ မျှော်မှန်းအင်အားနှင့် အမှန်အင်အား ကွာဟချက်


ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လက်ထက်မှစ၍ စစ်ခေါင်းဆောင်များသည် တပ်မတော်အတွက် အင်အားလျာထားရာတွင် နိုင်ငံ့လူဦးရေ၏ တစ်ရာခိုင်နှုန်းခန့်အထိ ကြီးထွားအောင် ကြံရွယ်တည်ဆောက်ခဲ့သည်ကို ISP-Myanmar ၏ သုတေသနပြုလေ့လာမှုများတွင် တွေ့ရှိရသည်။ လူဦးရေ သန်း ၅၀ ကျော်တွင် တပ်ဖွဲ့ဝင် ငါးသိန်းကျော်ရှိရမည်ဆိုသော ပြင်ဆင်မှုနှင့် စုဆောင်းရန်လည်း ရည်မှန်းခဲ့ကြသည်။ သို့သော် မြန်မာစစ်တပ် အင်အားအကောင်းဆုံးဟု ဆိုရမည့်အချိန်မှာပင် တပ်ဖွဲ့ဝင် နှစ်သိန်းဝန်းကျင်သာ အများဆုံးရှိခဲ့သည်ကို လေ့လာတွေ့ရှိရပြီး ၂၀၂၁ ခုနှစ် အာဏာမသိမ်းမီအချိန်၌ အင်အား ၁၆၀,၀၀၀ ဝန်းကျင်သာ ရှိခဲ့သည်။ အာဏာသိမ်းပြီးနောက်တွင်မူ မြန်မာစစ်တပ်တွင် တိုက်ခိုက်အင်အားမှာ တသိန်းပြည့်ဖွယ်ပင် မရှိတော့ပေ။




မှတ်ချက် - ဖော်ပြပါအချက်အလက်များသည် ISP-Myanmar၏ သုတေသနပြုလေ့လာချက်များကို အခြေခံပါသည်။ ဒေတာအချက်အလက် အတိအကျရရှိရန် အကန့်အသတ်ရှိခြင်း၊ နည်းနာပိုင်းနှင့် စံထားတွက်ချက်ပုံ မူကွဲများကြောင့် ကွဲလွဲမှုများရှိနိုင်ပါသည်။

## တပ်ရင်းအင်အားဖွဲ့စည်းပုံ ယိုယွင်းကျဆင်းလာသော အခြေအနေ


၁၉၉၀ ပြည့်နှစ်အလွန် နှစ်များတွင် တပ်မတော်ကို တိုးချဲ့ပြီးနောက် စစ်ခေါင်းဆောင်များသည် တပ်ရင်းတရင်း၌ ပျမ်းမျှအနေဖြင့် အင်အား ၇၂၀-၇၅၀ ခန့် (အစောပိုင်းတွင် ၈၁၄-၈၅၇ ဦး) ရှိရန် မျှော်မှန်းဖွဲ့စည်း စုဆောင်းရန် လျာထားခဲ့သည်။ ထိုလျာထားချက်မှာ မည်သည့်အခါမှ ပြည့်ခဲ့သည်မရှိဘဲ တပ်သားသစ်ရရှိမှုလည်း ကျဆင်းလာသည့်အတွက် တပ်ရင်းတခုတွင် အနိမ့်ဆုံးအင်အား ၂၀၀ ဦး၊ တပ်မလက်အောက်ခံတပ်ရင်းများတွင် အင်အား ၃၅၀ ဦးခန့်၊ တိုင်းစစ်ဌာနချုပ် တပ်ရင်းများတွင် အင်အား ၃၀၀ ဝန်းကျင်ရှိရန် ကြိုးပမ်းခဲ့ကြသည်။ ၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်းက ပေါက်ကြားခဲ့သော ခလရ-၁၄၄ ၏ အင်အားစာရင်းအရ တပ်ရင်းတခုလုံးတွင် အင်အား ၁၃၂ ဦးသာ ရှိသည်ကို တွေ့ရပါသည်။ အလားတူ 'စစ်ဆင်ရေး ၁၀၂၇' ကာလအတွင်း ခလရ-၁၂၉ လက်နက်ချချိန်၌ တပ်ဖွဲ့ဝင်အင်အား ၁၂၆ ဦးသာရှိပြီး ကုန်းကြမ်းမြို့နယ်၌ လက်နက်ချခဲ့သော ခလရ-၁၂၅ တွင်လည်း တပ်ဖွဲ့ဝင်အင်အား ၉၃ ဦးသာ ရှိခဲ့သည်။




မှတ်ချက် - ဖော်ပြပါအချက်အလက်များသည် ISP-Myanmar ၏ သုတေသနပြုလေ့လာချက်များနှင့် ဒေါက်တာမောင်အောင်မျိုး၏ Building the Tatmadaw: Myanmar Armed Forces Since 1948 စာအုပ်ပါ အချက်အလက်များကို အခြေခံပါသည်။ ဒေတာအချက်အလက် အတိအကျရရှိရန် အကန့်အသတ်ရှိခြင်း၊ နည်းနာပိုင်းနှင့် စံထားတွက်ချက်ပုံ မူကွဲများကြောင့် ကွဲလွဲမှုများရှိနိုင်ပါသည်။

## တနှစ်အတွက် တပ်သားသစ် စုဆောင်းနိုင်ခြင်းအား ခန့်မှန်းတွက်ချက်မှု

တပ်မတော်ကို တိုးချဲ့ပြီးနောက် တပ်ရင်းအလိုက် လျာထားချက်ပြည့်မီစေရန် တပ်သားသစ်စုဆောင်းမှုများအား နည်းပေါင်းစုံသုံး၍ ပြုလုပ်ခဲ့ကြသည်။ မူလလျာထားချက်အနေဖြင့် တပ်ရင်းတခုလျှင် လစဉ် တပ်သားသစ် ၁၀ ဦးနှုန်း၊ တပ်ရင်းအားလုံးအတွက် တလလျှင် ၈,၀၀၀ ဦးနှုန်းဖြင့် တနှစ်လျှင် ၉၆,၀၀၀ ဦး ရရှိရန် မျှော်မှန်းခဲ့ကြသည်။ သို့သော် ထိုပမာဏရအောင် စုဆောင်းနိုင်စွမ်းမရှိခဲ့ဘဲ ၂၀၀၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပျမ်းမျှအနေဖြင့် တနှစ်လျှင် ၁၂,၀၀၀ ဝန်းကျင်သာ စုဆောင်းနိုင်ခဲ့ပါသည်။ ထိုအရေအတွက်ထဲတွင်လည်း တပ်ပြေးမှုမှာ တနှစ်လျှင် ပျမ်းမျှ ၄,၈၀၀ ဦးနှုန်းရှိတတ်သဖြင့် တနှစ်လျှင် ၇,၂၀၀ ဦး ဝန်းကျင်သာ အသားတင်ကျန်လေ့ရှိသည်ကို ပျမ်းမျှအားဖြင့် တွက်ချက်ရပါသည်။




မှတ်ချက် - ဖော်ပြပါအချက်အလက်များသည် ISP-Myanmar၏ သုတေသနပြုလေ့လာချက်များကို အခြေခံပါသည်။ ဒေတာအချက်အလက် အတိအကျရရှိရန် အကန့်အသတ်ရှိခြင်း၊ နည်းနာပိုင်းနှင့် စံထားတွက်ချက်ပုံ မူကွဲများကြောင့် ကွဲလွဲမှုများရှိနိုင်ပါသည်။

စုဆောင်းမိတဲ့ တပ်သားသစ်တွေ သင်တန်းဆင်းလာတဲ့အခါ ဘယ်ကိုပို့ပြီး တပ်ဖြည့်တင်းမလဲ ဆိုတာကို စစ်ရေးချုပ်ရုံးဗဟိုကပဲ ဆုံးဖြတ်ပါတယ်။ တပ်ရင်းအလိုက် လူသစ်စုဆောင်းတဲ့ အခါ စုဆောင်းချိန်မှာရခဲ့တဲ့ တပ်သားအရေအတွက်အတိုင်း အဲဒီတပ်ရင်းက ပြန်ရလေ့မရှိ ပါဘူး။ တပ်ဖြည့်တင်းတဲ့အခါ တပ်သားအရေအတွက် ၂၀၀ အောက်ရှိတဲ့ တပ်ရင်းတွေကို ဦးစားပေးဖြည့်လေ့ရှိပါတယ်။ ဒါကိုကြည့်ရင် တပ်ရင်းတခုမှာ စစ်သည် ၂၀၀ လောက် အနိမ့်ဆုံးရှိနေဖို့ ရည်မှန်းပုံရပါတယ်။ ပြီးတဲ့အခါ တပ်မလက်အောက်ခံ တပ်ရင်းတွေမှာ စစ်သည် ၃၅၀ လောက်အထိရှိဖို့မှန်းပြီး အင်အားဖြည့်ပါတယ်။ တပ်မတွေပြီးရင် တိုင်း စစ်ဌာနချုပ်တပ်တွေကို အလှည့်ပေးပြီး အင်အား ၃၀၀ ဝန်းကျင်ရအောင် ဖြည့်ပါတယ်။ တခါ ရလာတဲ့ တပ်သားသစ်တွေထဲကမှ ပညာအရည်အချင်း အလယ်တန်းအဆင့် အဌမ တန်းအောင်တွေကို လိုအပ်သလို ပြန်ရွေးနုတ်ပြီး လက်ရုံးတပ်တွေဆီ ပြန်ခွဲလေ့ရှိပါတယ်။ ဒီလို နည်းလမ်းပေါင်းစုံနဲ့ လူသစ်စုခဲ့ပေမဲ့ မြန်မာစစ်တပ် အင်အားအကောင်းဆုံး အချိန်မှာ တောင် စစ်သည်အရေအတွက် အများဆုံး နှစ်သိန်းဝန်းကျင်ပဲ ရှိခဲ့တာကို ISP-Myanmar ရဲ့ သုတေသနပြု လေ့လာမှုတွေအရ သိရပါတယ်။ ၂၀၂၁ ခုနှစ် အာဏာမသိမ်းခင်ကာလမှာ စစ်သည်အင်အား ပိုမိုကျဆင်းနေပြီး ၁၆၀,၀၀၀ ဝန်းကျင်ပဲ ရှိခဲ့ပါတယ်။

အာဏာသိမ်းပြီးနောက်ပိုင်း ကျဆုံး၊ ကျန်းမာရေးမကောင်း၊ တပ်ပြေး၊ လက်နက်ချ၊ CDM ဝင် စတာတွေနုတ်လိုက်ရင် မြန်မာစစ်တပ်မှာ တိုက်ခိုက်အင်အားဟာ တသိန်းပြည့်ဖွယ် တောင် မရှိတော့ပါဘူး။ ဒီပြုန်းတီးအားကို ပြန်ဖြည့်ဖို့၊ အရင်အခြေအနေမျိုး ပြန်ရောက်ဖို့ ဆိုရင်တောင် အနည်းဆုံး တပ်သားသစ် တသိန်းဝန်းကျင် လိုအပ်မှာပါ။ မူလမှန်းတဲ့ တပ် အင်အား ငါးသိန်းကျော်ရဖို့ဆိုရင် လေးသိန်းကျော်လောက် ထပ်စုဆောင်းဖို့လိုအပ်ပါတယ်။ ဒီလောက်ပမာဏ လိုအပ်နေမှု၊ လက်ရှိ လူထုထောက်ခံမှု လုံးဝနီးပါးကျဆင်းနေချိန်နဲ့ လက်ရှိ စစ်သားစုဆောင်းပုံတွေ အလုပ်မဖြစ်၊ မကာမိချိန်မှာ အခုလို စစ်မှုမထမ်းမနေရ ဥပဒေ ပေါ်ထွက်လာတာလို့ သုံးသပ်နိုင်ပါတယ်။ စစ်ကောင်စီက ပြည်သူ့စစ်မှုထမ်းဥပဒေကို အသက်သွင်းပြီးနောက် ၂၀၂၄ ခုနှစ် ဧပြီလကစလို့ အပတ်စဉ်တခုကို လူသစ် ၅,၀၀၀ နှုန်း ခေါ်ယူမယ်၊ လစဉ်ခေါ်ပြီး တနှစ်အတွက် လူအင်အား ၆၀,၀၀၀ နှုန်းရအောင် လုပ်ဆောင် မယ်လို့ လျာထားပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့်လည်း ပထမ တနှစ်အတွင်း စုဆောင်းမှု မှာတင် စစ်အာဏာမသိမ်းခင်အချိန်က အင်အားကို ပြန်ရဖို့ ရည်ရွယ်ပုံရပါတယ်။

ပြည်သူ့စစ်မှုထမ်း ဥပဒေကို အသက်သွင်းလိုက်ပေမဲ့ လက်တွေ့အကောင်အထည်ဖော်ဖို့ အတွက် ကာလတစုံတရာ ယူရနိုင်ပါတယ်။ ဥပဒေအတည်ပြုပြီး ရက်ပိုင်းအတွင်း 'ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့' ဖွဲ့စည်းခဲ့ပေမဲ့ နည်းဥပဒေနဲ့ အမိန့်ညွှန်ကြားချက်တွေ ▶

## ■ စစ်မှုထမ်းရန် အကျုံးဝင်သူ ၁၄ သန်းရှိ

မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းရန် အကျုံးဝင်သူဦးရေ ၁၄ သန်းဝန်းကျင်(အမျိုးသား ၆ သဿမ ၃ သန်းနှင့် အမျိုးသမီး ၇ ဒသမ ၇ သန်း) ရှိကြောင်း စစ်ကောင်စီက ပြောဆိုသည်။ ယင်းပမာဏသည် မြန်မာ့လူဦးရေ ၅၁ သန်းကျော်၏ ၂၇ ရာခိုင်နှုန်းကျော် ဖြစ်သည်။ တနည်းအားဖြင့် လူ လေးဦးလျှင် တဦးက စစ်မှုထမ်းရန် အကျုံးဝင်နေသည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်မှ ၄၄ နှစ်အကြား အမျိုးသား ၁၁ ဒသမ ၃ သန်းခန့်နှင့် အသက် ၁၅ နှစ်မှ ၃၄ နှစ်အကြား အမျိုးသမီး ၈ ဒသမ ၈ သန်းကျော် ရှိသည်။




ရည်ညွှန်း - ကြားဖြတ်သန်းခေါင်စာရင်း (၂၀၁၉)ပါ အချက်အလက်များနှင့် စစ်ကောင်စီ ထုတ်ပြန်သော ကိန်းဂဏန်းများကို အခြေခံ တွက်ချက်ထားခြင်းဖြစ်သည်။

▸ ပြဋ္ဌာန်းထုတ်ပြန်ရဦးမှာပါ။ တာဝန်ထမ်းဆောင်ဖို့ အကျုံးဝင်သူတွေကို စိစစ်ဖော်ထုတ်ရေး၊ စာရင်းပြုစုရေးနဲ့ ရွေးချယ်ရေးအဖွဲ့၊ တပ်မတော်ထဲမှာ ပြည်သူ့စစ်မှုထမ်းကိစ္စ တာဝန်ခံ ကိုင်တွယ်ဆောင်ရွက်ရမယ့် ဌာန၊ လေ့ကျင့်သင်တန်းပေးရေး၊ တာဝန်ခွဲဝေချထားခြင်း စသဖြင့် ဖွဲ့စည်းမှုတွေအတွက် အချိန်လိုအပ်ပါတယ်။ ဌာနပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုလည်း လိုပါတယ်။ နောက်ဆုံး တပ်သားသစ်တွေအတွက် နိုင်ငံတော်က ဘတ်ဂျက်တိုးပြီး ခွဲဝေပြဋ္ဌာန်းဖို့လည်း လိုအပ်ပါတယ်။ အကြမ်းဖျင်း ဖြစ်နိုင်ခြေအရ လူစာရင်းပြုစုတာက အချိန်နှစ်လလောက်ကြာနိုင်ပါတယ်။ ဒါကြောင့်ပဲ သင်တန်းအမှတ်စဉ်-၁ ကို ဧပြီလ သင်္ကြန်အပြီးမှာ ခေါ်မယ်လို့ စစ်ကောင်စီ ပြောခွင့်ရက ဆိုခဲ့ဟန်တူပါတယ်။ ပထမဆင့် လူစာရင်းရပြီဆိုရင် ဆင့်ခေါ်တာ၊ ဆေးစစ်တာ စတဲ့လုပ်ငန်းစဉ်တွေ ဆက်လုပ်ရမှာဖြစ်ပြီး အချိန်တလကနေ နှစ်လအထိ ကြာမြင့်နိုင်ပါတယ်။ ဒါကြောင့် သင်တန်းအပတ်စဉ်-၁ စတင်မှုက အစောဆုံး ဇွန်လ၊ နောက်အကျဆုံး ဩဂုတ်လမှာ ဖြစ်နိုင်ခြေရှိပြီး သင်တန်းကြာချိန် လေးလကနေ ငါးလ သတ်မှတ်မယ်ဆိုရင် သင်တန်း အပတ်စဉ်-၁ ပြီးဆုံးချိန်ဟာ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ၊ ဒီဇင်ဘာလ ဒါမှမဟုတ် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ဖြစ်နိုင်ပါတယ်။

## ပြည်သူ့စစ်မှုထမ်းဥပဒေ သမိုင်းနောက်ခံ

**၁၉၅၉ ခုနှစ် ပြည်သူ့စစ်မှုထမ်း အက်ဥပဒေ**
- ၁၉၅၉ ခုနှစ် မတ် ၁၁ ရက်တွင် ပြဋ္ဌာန်း၍ ၁၉၆၂ ခုနှစ် ဇူလိုင် ၈ ရက်တွင် အာဏာတည်။
- ၁၉၆၂ ခုနှစ်တွင် ယင်းဥပဒေကို နှစ်ကြိမ် ပြင်ဆင်ခဲ့။

**အရန်တပ်ဖွဲ့ဥပဒေ**
- ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၄ ရက်တွင် ပြဋ္ဌာန်း၍ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် အာဏာတည်။

**ပြည်သူ့စစ်မှုထမ်းဥပဒေ**
- ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၄ ရက်တွင် ပြဋ္ဌာန်း၍ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် အာဏာတည်။

## စစ်မှုထမ်းရမည့်သူများ

| အကျုံးဝင်သူ | အမျိုးသား | အမျိုးသမီး |
|---|---|---|
| သာမန်လူငယ် | အသက် ၁၈ နှစ်မှ ၃၅ နှစ်အကြား | အသက် ၁၈ နှစ်မှ ၂၇ နှစ်အကြား |
| ကျွမ်းကျင်သူ (ဆရာဝန်၊ အင်ဂျင်နီယာ၊ စက်မှုလက်မှုပညာ တတ်မြောက်သူ၊ အခြား အတတ်ပညာတခုခုဖြင့် အသက်မွေးသူ) | အသက် ၁၈ နှစ်မှ ၄၅ နှစ်အကြား | အသက် ၁၈ နှစ်မှ ၃၅ နှစ်အကြား |

- စစ်မှုထမ်းနေသူများသည် ယင်းကာလတလျှောက်လုံး၌ ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေ ပြဋ္ဌာန်းချက်များ အတိုင်း လိုက်နာရမည်ဖြစ်ပြီး အကယ်၍ အကြောင်းတစုံတရာကြောင့် ထိုအက်ဥပဒေအရ အရေးယူအပြစ်ပေး ခံရခြင်း ရှိခဲ့ပါကလည်း ပြစ်ဒဏ်ခံယူပြီးနောက် ဆက်လက်စစ်မှုထမ်းဆောင်ရမည် ဖြစ်သည်။

## ကင်းလွတ်ခွင့်ရသူများ

| ကင်းလွတ်ခွင့်ရသူများ | ယာယီရွှေ့ဆိုင်းခွင့်ရသူများ |
|---|---|
| သာသနာ့ဝန်ထမ်းများ (ဗုဒ္ဓဘာသာ၊ ခရစ်ယာန်နှင့် ဟိန္ဒူဘာသာတို့အတွက်သာ) | ယာယီအားဖြင့် စစ်မှုထမ်းနိုင်သည့် ကျန်းမာရေးအဆင့် မရှိကြောင်း တပ်မတော် ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က သတ်မှတ်ထားသူများ |
| အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူများ) | အစိုးရကဖွင့်လှစ်ထားသော၊ သို့မဟုတ် အသိအမှတ်ပြုထားသော တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်း တခုခုတွင် ပညာသင်ကြားနေသူများ |
| ကိုယ်လက်အင်္ဂါတခုခု (အမြဲ) မသန်စွမ်းသူများ | အခြား ပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကို လုပ်ကျွေးနေသူများ |
| တပ်မတော် ဆေးစစ်ဆေးရေးဘုတ်အဖွဲ့မှ စစ်မှုထမ်းရန် (အမြဲတမ်း) မသင့်တော်ဟု သတ်မှတ်ထားသူများ | မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ |
| ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပေးထားသူများ | **ယာယီရွှေ့ဆိုင်းခွင့်ရထားသူများသည် ယင်းကာလပြီးဆုံးပါက အသက်အရွယ် ကျော်လွန်စေကာမူ စစ်မှုထမ်းရမည်။** |

## စစ်မှုထမ်းရမည့်ကာလ

| | |
|---|---|
| စစ်မှုထမ်းရန် အကျုံးဝင်သူ သာမန်လူများ | ၂ နှစ် |
| တပ်မတော် စက်မှုလက်မှုပညာသည်*နှင့် ကျွမ်းကျင်သူများအဖြစ် သတ်မှတ်ထားသူများ | ၃ နှစ် |
| နိုင်ငံတော် အရေးပေါ်ကာလ** | ၅ နှစ် |

* တပ်မတော်အတွင်း တာဝန်ထမ်းဆောင်နေကြသူများအနက် ကာကွယ်ရေးဦးစီးချုပ်က တပ်မတော် စက်မှုလက်မှုပညာသည်အဖြစ် သတ်မှတ်ထားသူများ

** ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် စစ်ကောင်စီက အရေးပေါ်ကာလကို ခြောက်လ သက်တမ်းတိုးထားသည်။

## ဖြစ်တန်ခြေအကဲဖြတ်ချက်

လတ်တလောစစ်ပွဲတွေမှာ မရှုမလှရှုံးနိမ့်ခဲ့တဲ့ တပ်မတော်အနေနဲ့ သူ့ရဲ့ဦးဆောင်မှုကဏ္ဍနဲ့ လုံခြုံရေးကဏ္ဍတွေ ပြုပြင်ပြောင်းလဲဖို့ကို မစဉ်းစားဘဲ လူသစ်တွေ စုဆောင်းဖြည့်ဆည်းရုံနဲ့ အကျိုးမထူးနိုင်ပါဘူး။ နိုင်ငံတော်လုံခြုံရေးဆိုင်ရာ ဝါဒတရပ်လုံးနဲ့ တပ်မတော်ရဲ့အခန်းကဏ္ဍကို သေချာ ပြန်လည်နေရာချရပါလိမ့်မယ်။ တစုံလုံးဆိုင်ရာ နိုင်ငံရေးအနေနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်မြော်မြင်ချက်တွေကို ပြည်သူတရပ်လုံးနဲ့ နိုင်ငံသားအားလုံး ယုံကြည်သက်ဝင်အောင် ဖန်တီးတည်ဆောက်နိုင်တာလည်း မရှိသေးပါဘူး။ အဲသလိုမဟုတ်ဘဲ အခုလိုမျိုး စစ်သားစုဆောင်း၊ လေ့ကျင့်၊ အသုံးချမယ်ဆိုရင် မြန်မာ့လူ့အဖွဲ့အစည်းနဲ့ စစ်တပ်အကြား ဘယ်လိုမှ ပြန်စေ့စပ်လို့မရလောက်အောင် အနာကြီးနာသွားတာမျိုးလည်း ဖြစ်သွားနိုင်ပါတယ်။

ပြည်တွင်းစစ်ပြင်းထန်နေချိန်မှာ အသက်သွင်းလိုက်တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် ပထမဆုံး သက်ရောက်ဖြစ်တန်ခြေက လူ့အခွင့်အရေးချိုးဖောက်မှုတွေ အကြီးအကျယ် ဖြစ်လာနိုင်ပါတယ်။ တပ်သားသစ်စုဆောင်းမှုကာလ၊ လေ့ကျင့်ရေးကာလနဲ့ တာဝန်အပ်နှင်းမှုကာလတွေမှာ ဖြစ်လာနိုင်တာပါ။ နေထိုင်ရာ ဒေသ၊ အသက်အရွယ်၊ လူမျိုး၊ သက်ဝင်ယုံကြည်မှု၊ ကိုးကွယ်ရာဘာသာ၊ ဆင်းရဲ-ချမ်းသာနဲ့ ကျား-မ လိင်စိတ်ခံယူမှုဆိုင်ရာ ကွဲပြားမှုစတာတွေအပေါ် အခြေခံပြီးလည်း ဖိနှိပ်ချိုးနှိမ်ခံရတာတွေ၊ ခွဲခြားဆက်ဆံခံရတာတွေ ရှိလာနိုင်ပါတယ်။ အခုချိန်မှာတောင် နေရာတချို့မှာ ပေါ်တာဆွဲ လူဖမ်းပြီး လူသစ်စုဆောင်းတယ်ဆိုတဲ့ သတင်းတွေ ထွက်လာပါတယ်။ ဒီသတင်းတွေထဲက တချို့ကို သတင်းအမှားအဖြစ် စစ်ကောင်စီဘက်က ထုတ်ပြန်ထားပါတယ်။ ဒါပေမဲ့ ဒီလိုဖြစ်စဉ်တွေက ပြည်သူ့စစ်မှုထမ်းဥပဒေ ခေါင်းစဉ်အောက် အကျုံးဝင်လာနိုင်ပါတယ်။

ဒုတိယ သက်ရောက်ဖြစ်တန်ခြေအဖြစ် အောက်ခြေကစလို့ အဆင့်ဆင့်မှာ လာဘ်စားဖို့အတွက် လမ်းပွင့်ခဲ့ပြီး ဒါကို လူ့အဖွဲ့အစည်းတရပ်လုံး ခါးစည်းခံကြရဦးမှာပါ။ စစ်မှုထမ်းတာဝန် ရှောင်လိုသူတွေနဲ့ စစ်ဘက်အရပ်ဘက် အာဏာပိုင်တွေအကြား လာဘ်ပေးလာဘ်ယူကိစ္စတွေ အကျယ်တပြန့် ဖြစ်လာနိုင်ပါတယ်။ ဒီလို အဂတိလိုက်စားမှုတွေကို ထိန်းသိမ်းနိုင်မယ့် အခြေအနေလည်း နိုင်ငံမှာမရှိပါဘူး။ အခြားနိုင်ငံတွေမှာလည်း စစ်မှုထမ်းဖို့ အရည်အချင်းမပြည့်ကြောင်း သတ်မှတ်ပေးဖို့၊ ဒါမှမဟုတ် လူစားထိုးဖို့ဆိုတဲ့ အဂတိလိုက်စားမှုကိစ္စတွေ မြင်ရလေ့ရှိပါတယ်။

အိမ်နီးချင်းနိုင်ငံတွေဆီ ရွှေ့ပြောင်းလုပ်သားတွေအဖြစ် အစုလိုက်အပြုံလိုက် ထွက်ခွာတာနဲ့ အရေအတွက်ကြီးမားတဲ့ ပြောင်းရွှေ့အခြေချမှုတွေ ဖြစ်နိုင်တာကလည်း တတိယမြောက် သက်ရောက်ဖြစ်တန်ခြေတခု ဖြစ်ပါတယ်။ အခွင့်အလမ်းနဲ့ ငွေကြေးတတ်နိုင်သူတွေဟာ ဥပဒေအသက်ဝင်ပြီး ရက်ပိုင်းအတွင်းမှာတင် နိုင်ငံပြင်ပထွက်ဖို့ ကြိုးစားကြတာကို အုံနဲ့ ကျင်းနဲ့ မြင်တွေ့ကြရပါတယ်။ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးဆိုရင် တရက်ကို ဗီဇာလျှောက်ထားသူ ၄၀၀ ပဲ လက်ခံတော့မယ်ဆိုပြီး ကြေညာချက်ထုတ်ရတဲ့အထိ ဖြစ်ခဲ့ပါတယ်။ ဒီလိုမျိုး တရားဝင်ထွက်ခွာဖို့ ကြိုးစားကြတာအပြင် တရားမဝင် ထွက်ခွာတာတွေနဲ့ (ပြည်ပရောက် နိုင်ငံသားတွေအပေါ်လည်း ဥပဒေ သက်ရောက်တာကြောင့်) ပြန်မလာကြတော့ဘဲ နိုင်ငံစွန့်ခွာတာတွေလည်း ဖြစ်နိုင်ပါတယ်။ မြန်မာနိုင်ငံက အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းအခြေချမှုတွေနဲ့ စစ်ပြေးဒုက္ခသည် ငါးသန်းနီးပါးဖြစ်နေတဲ့အရေးကလည်း ဒေသတွင်းနိုင်ငံတွေရဲ့ တည်ငြိမ်မှုကိုပါ ခြိမ်းခြောက်လာနိုင်ပါတယ်။

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံမှာ ပြည်ပထွက်ခွာ အလုပ်လုပ်ကိုင်သူအရေအတွက် ၁ ဒသမ ၆ သန်း (နိုင်ငံလူဦးရေ၏ သုံးရာခိုင်နှုန်းကျော်) ရှိပါတယ်။ ဒီအထဲက သုံးပုံနှစ်ပုံဟာ ထိုင်းနိုင်ငံကို သွားခဲ့ကြတာပါ။ ဒါပေမဲ့ ကမ္ဘာ့ဘဏ်ရဲ့ ၂၀၁၇ ခုနှစ် အစီရင်ခံစာမှာတော့ မြန်မာနိုင်ငံလူဦးရေရဲ့ ငါးရာခိုင်နှုန်းဟာ ပြည်ပမှာ ရွှေ့ပြောင်းအခြေချနေတယ်လို့ ဆိုပါတယ်။ ဒါက အရှေ့တောင်အာရှဒေသတွင်း မြင့်မားတဲ့နှုန်းတခု ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ စားနပ်ရိက္ခာမူဝါဒ သုတေသနအင်စတီကျု (IFPRI) က ၂၀၂၃ ခုနှစ် မတ်လမှာ ထုတ်ပြန်ခဲ့တဲ့မှတ်တမ်းမှာလည်း မြန်မာနိုင်ငံက လူဦးရေ ၃ ဒသမ ၆ သန်း (နိုင်ငံလူဦးရေ၏ ၆ ဒသမ ၅ ရာခိုင်နှုန်း) ဟာ လေ့လာခဲ့တဲ့ ခြောက်လတာကာလအတွင်း ပြောင်းရွှေ့အခြေချနေရတယ်လို့ဖော်ပြပါတယ်။ ဒီအထဲက ခြောက်သိန်းကျော်ဟာ စစ်ပွဲတွေကြောင့် ထွက်ပြေးရတာဖြစ်ပြီး နှစ်သန်းကျော်က အလုပ်အကိုင်ရှာဖွေဖို့အတွက် ပြောင်းရွှေ့နေရတာ ဖြစ်ပါတယ်။ ISP-Myanmar က နိုင်ငံအနှံ့မှာရှိတဲ့ မြို့နယ်ပေါင်း ၁၁၀ မှာ လစဉ်ရယူနေတဲ့ လူမှုစီးပွားအခြေပြု စစ်တမ်းအချက်အလက်တွေကို ကြည့်ရင်လည်း ဒီအချက်ကို မြင်ရပါတယ်။ အာဏာသိမ်းမှုအလွန် ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံအနှံ့ မြို့နယ် ၁၁၀ ထဲက ၈၅ မြို့နယ် (၇၇ ရာခိုင်နှုန်းဝန်းကျင်) မှာ ပြည်ပကို နည်းပေါင်းစုံနဲ့ ထွက်ခွာနေကြတဲ့ ရွှေ့ပြောင်းလုပ်သားတွေ ပုံမှန်ရှိနေပါတယ်။ တချိန်တည်းမှာပဲ စစ်အာဏာသိမ်းမှုအလွန် နေရပ်စွန့်ခွာ ထွက်ပြေးနေရတဲ့ ဒုက္ခသည်အရေအတွက်ဟာ ငါးသန်းနီးပါး(၂၀၂၄ ခုနှစ် ဇန်နဝါရီလကုန်အထိ) ရှိလာပါတယ်။ ဒီအထဲမှာလည်း လူငယ်တွေနဲ့ အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသူတွေလည်းပါနေတာမို့ နောက်ပိုင်းမှာ ပြည်ပ ထွက်တိမ်းရှောင်မှုတွေ၊ ရွှေ့ပြောင်းအခြေချမှုတွေနဲ့အတူ လုပ်သားရှားပါးမှုပြဿနာပါ ကြီးထွားနိုင်ပါတယ်။

ချည့်နဲ့နေတဲ့ မြန်မာ့စီးပွားရေး၊ ထုတ်လုပ်ရေးအင်အားစုတွေကို ခလောက်ဆန်လိုက်သလို၊ အချိုကြီးထိုးနှက်လိုက်သလို ဖြစ်စေပြီး နိုင်ငံကနေ အကြီးအကျယ် ပြောင်းရွှေ့ထွက်ပြေးမှုတွေနဲ့အတူ အရင်းအနှီးစီးထွက်မှုနဲ့ စီးပွားရေးအပေါ် ဆိုးကျိုးသက်ရောက်မှုလည်း ကြီးမားစေနိုင်ပါတယ်။

စတုတ္ထသက်ရောက်ဖြစ်တန်ခြေက စစ်သားစုဆောင်းမှုတွေရဲ့ ပစ်မှတ်ဟာ ကျေးလက်ဒေသက လူငယ်တွေ၊ ဆင်းရဲနွမ်းပါးတဲ့ လူငယ်တွေဆီ ဦးတည်နိုင်ပါတယ်။ တချိန်တည်းမှာပဲ ဗမာလူငယ်အများစုအပြင် ပဋိပက္ခနဲ့လက်နက်ကိုင်တပ် ကြီးကြီးမားမားမရှိတဲ့ နယ်မြေတွေက လူမျိုးစုလူငယ်တွေလည်း ဖြစ်နိုင်ပါတယ်။ ဒီလူငယ်တွေကို စစ်သင်တန်းပေး၊ ပုံစံချပြီး စစ်မြေပြင် စေလွှတ်ခြင်းအားဖြင့် လူ့အဖွဲ့အစည်းအတွင်း လူတန်းစား၊ လူမျိုး၊ ဘာသာ၊ ဒေသ စတဲ့အပေါ် မူတည်ပြီး အကွဲအပြဲ အာဃာတတွေ ပိုမိုဆိုးရွားလာနိုင်ခြေရှိပါတယ်။ ဒီနေရာမှာ စစ်ကောင်စီတင်မကဘဲ ရှမ်းပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်တချို့ရဲ့ တပ်သားသစ် လူသစ်စုဆောင်းမှုတွေကလည်း သတိပြုစရာပါ။ ရက္ခိုင့်တပ်တော် (AA) နဲ့ တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့လို အဖွဲ့တွေက မူအားဖြင့်တော့ လူမျိုးအပေါ်အခြေခံပြီး စုဆောင်းလေ့ရှိပေမဲ့ မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) လို တပ်ဖွဲ့တချို့တွေဟာ လူမျိုးဘာသာမရွေးဘဲ သူတို့ထိန်းချုပ်ရာနယ်မြေအတွင်း ရှိသမျှလူတိုင်းကို ခေါ်ယူစုဆောင်းလေ့ရှိပါတယ်။ ဒီလိုစုဆောင်းတဲ့အခါ စစ်မှုထမ်းဖို့ လာခေါ်ချိန်မှာ တိမ်းရှောင်နေတယ်ဆိုရင် အဖေ၊ ဒါမှမဟုတ် မိသားစုဝင်တွေကို ဖမ်းဆီးတာ၊ တပ်ကထွက်ပြေးရင် ပြန်ဖမ်းပြီး အပြစ်ပေးတာ၊ လက်နက်ယူပြီးထွက်ပြေးရင် သေဒဏ်ပေးတာမျိုးတွေကိုလည်း လုပ်လေ့ရှိကြပါတယ်။ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဆိုရင်လည်း တပ်အင်အားကောင်းမှ နယ်မြေကာကွယ်နိုင်မှာဖြစ်လို့ ဒေသခံတွေ သူတို့တပ်ထဲဝင်ကြဖို့ဆိုပြီး ဆိုရှယ်မီဒီယာမှာပါ ရှမ်းဘာသာစကားနဲ့ ကြေညာပြောဆိုတာတွေ ရှိလာပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် စစ်ကောင်စီအပါအဝင် အဖွဲ့အသီးသီးရဲ့ လူသစ်စုဆောင်းတာ၊ သင်တန်းပေး တန်ပြန်တိုက်ခိုက်စေတာတွေက ဒေသမတူ၊ လူမျိုးစုမတူသူ အချင်းချင်းအကြားသာမက ဒေသခံအချင်းချင်းအပေါ်မှာပါ သက်ရောက်မှုတွေ ရှိလာနိုင်ပါတယ်။ ဥပမာ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နဲ့ ပြည်သူ့ကာကွယ်ရေးတပ် (PDF) တို့ ပူးပေါင်းသိမ်းယူပြီး အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က အုပ်ချုပ်ရေးထူထောင်ခဲ့တဲ့ ကောလင်းမြို့ကို စစ်ကောင်စီက ပြန်သိမ်းပြီးတဲ့နောက် ထုတ်ခဲ့တဲ့သတင်းမှာ ‘ကောလင်းမြို့ခံတွေအကြောင်းမဲ့ နေရပ်စွန့်ခွာထွက်ပြေးနေကြရပြီး အနိုင်ကျင့်ခံနေရတာကို ကျေးရွာတွေမှာရှိတဲ့ ▶

- လူငယ်လူလတ်ပိုင်းတွေက လက်မခံဘဲ တုံ့ပြန်ချင်တဲ့အတွက် နီးစပ်ရာ တပ်ဌာနချုပ်တွေနဲ့ ပူးပေါင်းရင်း ကာကွယ်ရေးအဖွဲ့တွေဖွဲ့စည်းပြီး ပြန်တိုက်ခဲ့တယ်၊ ဒါကို တပ်မတော်က ကူညီလုပ်ဆောင်ပေးခဲ့တယ်’ဆိုတဲ့ ဇာတ်ကြောင်းဖော်မှုမျိုး တွေ့ရပါတယ်။ စစ်ကောင်စီရဲ့သတ်မှတ်ချက်တွေအရလည်း ပြည်သူ့စစ်မှုထမ်းဥပဒေအရ သင်တန်းတက်ပြီး သင်တန်းကာလပြီးဆုံးပြီဆိုရင် ကိုယ်ဆန္ဒရှိတဲ့ အရပ်ဒေသတွေမှာသာ သတ်မှတ်ကာလအထိ တာဝန်ထမ်းဆောင်ရမယ်လို့ ဆိုပါတယ်။ နောက်လာမယ့် စစ်ပွဲတွေရဲ့အသွင်ဟာ လူမျိုးအုပ်စု၊ ဒေသအုပ်စုအချင်းချင်း အိမ်ကြက်ချင်းအိုးမဲသုတ် ခွပ်ခိုင်းတဲ့သဘော ဖြစ်လာနိုင်ပြီး မြေနိမ့်ရာလှံစိုက်ခံရတဲ့ နွမ်းပါးသူလူစုတွေအပေါ် ပိုလို့ဆိုးကျိုးသက်ရောက်နိုင်ပါတယ်။ လူ့အဖွဲ့အစည်းအတွင်း လူမှုတရားမျှတမှု ကင်းလွတ်ပြီး လူမျိုးရေးအရ၊ လူမှုဆက်ဆံရေးအရ မြေလွှာပြုတ်ရွေ့ကြောင်း အက်ကြောင်းကြီးများသဖွယ် ဖြစ်ပေါ်လာနိုင်ပါတယ်။

လူငယ်တချို့ အထူးသဖြင့် ပဋိပက္ခဒေသက လူငယ်တချို့အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေ (EAOs) နဲ့ ပြည်သူ့ကာကွယ်ရေးတပ် (PDF) အဖွဲ့တွေဆီ ရွေးချယ်ပါဝင်လာနိုင်ခြေရှိတာကလည်း သက်ရောက်ဖြစ်တန်ခြေတခုပါပဲ။ ဥပမာ- ရခိုင်လူငယ်၊ ချင်းလူငယ်၊ ကချင်လူငယ် စသဖြင့် တိုင်းရင်းသားလူငယ်တချို့ဟာ မြန်မာစစ်တပ်ထဲ ဝင်တာထက် သူတို့ကိုကိုယ်စားပြုတယ်လို့ယုံကြည်တဲ့ EAOs အဖွဲ့တွေဆီ ဝင်ရောက်ခြင်းကိုသာ ရွေးချယ်ကြမှာပါ။ ဒီအတိုင်းပဲ အညာတခွင်နဲ့ မြေလတ်မှာရှိနေတဲ့ ဗမာလူငယ်တချို့ဟာလည်း သူတို့နဲ့နီးစပ်ရာ၊ မိတ်ဆွေ သူငယ်ချင်းတွေရှိရာ ပြည်သူ့ကာကွယ်ရေးတပ်(PDF)၊ ဒေသခံတပ်တွေ (LDFs) တွေဆီပဲ သွားကြပါလိမ့်မယ်။ တချိန်က စစ်ထဲဝင်ရင် ဝင်ငွေပုံမှန်ရ၊ တိုက်ပွဲကလည်း သိပ်မရှိတော့ အန္တရာယ်နည်းပါးအခြေအနေမျိုးကနေ အခုလို ပြည်တွင်းစစ်မီး ဟုန်းဟုန်းတောက်၊ ကျဆုံး၊ လက်နက်ချ၊ တပ်ပြေးသတင်းတွေ မကြားချင်မမြင်ချင်မှအဆုံး ဖြစ်နေတဲ့ အခြေအနေမျိုးမှာ လူထုထောက်ခံမှု ထိုးစိုက်ကျဆင်းနေတဲ့ မြန်မာစစ်တပ်ထဲ ကိုယ့်သဘောဆန္ဒအတိုင်းဝင်ဖို့ဆိုတာ လူငယ်တွေအဖို့ မက်စရာမရှိသလောက်ပါပဲ။ ပြည်သူ့စစ်မှုထမ်းဥပဒေကို ရှောင်ရှားပြီး အခြားလက်နက်ကိုင်အဖွဲ့ထဲဝင်မယ်ဆိုရင် ဥပဒေချိုးဖောက်တာ ဖြစ်တဲ့အတွက် တည်ဆဲဥပဒေတွေနဲ့ အရေးယူခံရမယ်လို့ စစ်ကောင်စီကဆိုထားပေမဲ့ ပဋိပက္ခဒေသတွင်းမှာ နေထိုင်နေရတဲ့ လူငယ်တချို့က ဒါကို ဂရုစိုက်မယ်မထင်ပါဘူး။

ပြီးခဲ့တဲ့နှစ်မှာ လွတ်လပ်ရေး ရွှေရတု ၇၅ နှစ်ရှိခဲ့ပြီ။ ပြည်တွင်းစစ်လည်း ရွှေရတု ၇၅ နှစ်တိုင်ခဲ့ပြီဆိုပြီး ဖော်ပြကြပါတယ်။ အခုတော့ စစ်ဘောင်ကျယ်လာခဲ့ပါတယ်။ ပြည်တွင်းစစ်မီးလည်း အရှိန်ပိုကောင်းလာပါတယ်။ ဒီအချိန်မှာ ပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် လူ့အဖွဲ့အစည်းအတွင်း စစ်ရေးချဲ့ထွင်မှု၊ စစ်ဘောင်တွင်း သွတ်သွင်းမှုမျိုး ဖြစ်သွားနိုင်ပါတယ်။

## ရှမ်းပြည်နယ်မြောက်ပိုင်းရှိ EAOs တချို့၏ လူသစ်စုဆောင်းပုံများ

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အခြေစိုက်လှုပ်ရှားနေသော တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ (EAOs) သည် ၎င်းတို့ဒေသတွင်းရှိ အရပ်သားများကို နှစ်စဉ် လူသစ်စုဆောင်းလျက်ရှိသည်။ 'တအိမ်တယောက် အမျိုးသားရေးတာဝန် ထမ်းဆောင်ရမည်'၊ 'သမိုင်းပေးတာဝန်ကို ထမ်းဆောင်ရမည်'ဟူသောမူကို အခြေခံ၍ စုဆောင်းခြင်းဖြစ်သည်။ စစ်သားစုဆောင်းပုံစနစ်မှာ တဖွဲ့နှင့်တဖွဲ့ ကွဲပြားပါသည်။ အချို့တပ်ဖွဲ့များက ၎င်းတို့လူမျိုးပေါ်တွင်သာအခြေပြုပြီး တချို့ကမူ လူမျိုးဘာသာ မခွဲခြားပေ။ ဥပမာအားဖြင့် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) သည် တအန်းလူမျိုးများကိုသာ စုဆောင်းသော်လည်း မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) က လူမျိုးဘာသာမရွေး စုဆောင်းသည်။

EAOs များ၏ စစ်မှုထမ်းစေပုံမှာ ၎င်းတို့၏တပ်ဖွဲ့များ လှုပ်ရှား-စိုးမိုး-ထိန်းချုပ်သည့် မြို့နှင့် ကျေးရွာများရှိ လူဦးရေစာရင်းကို ပြုစုထားပြီး အသက် ၁၅ နှစ်၊ ၁၆ နှစ်နှင့်အထက် လူငယ်များကို စုဆောင်းခြင်းဖြစ်သည်။ သတ်မှတ်အသက်ပြည့်သည့် လူငယ်များကို စာဖြင့်ဆင့်ခေါ်ခြင်း သို့မဟုတ် စစ်သားသစ် စုဆောင်းရေးဌာနမှ တပ်ဖွဲ့များကိုစေလွှတ်ပြီး နေအိမ်သို့ သွားရောက်ခေါ်ဆောင်ခြင်းတို့ဖြင့် စုဆောင်းခြင်းဖြစ်သည်။ စစ်မှုထမ်းရန် လာရောက်ခေါ်ဆောင်ရာတွင် တိမ်းရှောင်သွားပါက ဖခင် သို့မဟုတ် မိသားစုဝင်တဦးဦးကို ဖမ်းဆီးပြီး စစ်မှုထမ်းရမည့်သူ လာရောက်တာဝန်ထမ်းဆောင်မှသာ ဖမ်းဆီးထားသူကို ပြန်လွှတ်ပေးသည့်စနစ်ကိုလည်း ကျင့်သုံးသည်။ ခြွင်းချက်အနေဖြင့် တဦးတည်းသော သား/သမီးက မိဘကို လုပ်ကျွေးပြုစုနေခြင်း၊ သာသနာ့ဘောင်ဝင်ဖြစ်ခြင်း၊ မိမိလူမျိုး၏ ပညာရေးနှင့် ကျန်းမာရေးအတွက် ပါဝင်နေခြင်း သို့မဟုတ် လာရောက်ခေါ်ဆောင်သည့် အဖွဲ့အစည်းထဲတွင် မိသားစုဝင်တဦးက တာဝန်ထမ်းဆောင်နေခြင်းရှိပါက စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ရရှိသည်။


ထို့အပြင် အဆင့်မြင့်ပညာ ဆက်လက်သင်ယူနေသူများဖြစ်ပါက စစ်မှုထမ်းခွင့်ကို ယာယီကင်းလွတ်ခွင့်ပေးထားလေ့ရှိသည်။ ထိုပုံစံသည် သာမန်အခြေအနေ၌သာဖြစ်ပြီး တပ်သားသစ်ဖြည့်တင်းရန် အရေးပေါ် လိုအပ်နေသော ကာလမျိုးတွင် လူသစ်ဦးရေ မည်ရွေ့မည်မျှကို မည်သည့်ရက်အတွင်း ပေးရမည်ဟူ၍ ကျေးရွာများသို့ တိုက်ရိုက်တောင်းခံခြင်း၊ တပါတည်းဖမ်းဆီးခြင်းနှင့် လမ်းပေါ်တွင် သွားလာနေသော လူငယ်များအား ရုတ်ခြည်း ဖမ်းဆီးခြင်းတို့ကိုလည်း လုပ်ဆောင်လေ့ရှိသည်။ တပ်သားအသစ်ကို ယေဘုယျအားဖြင့် သုံးလကြာ အခြေခံစစ်ပညာသင်ပေးသည်။ အနည်းဆုံး နှစ်နှစ်တာဝန်ထမ်းဆောင်ရမည်ဟူ၍လည်း ကတိပြုရသည်။ အခြေခံစစ်ပညာသင်တန်းပြီးပါက တိုက်ခိုက်ရေးတာဝန်တခုတည်းကိုသာ ပေးအပ်ခြင်းမပြုဘဲ အဖွဲ့အစည်း၏ ဌာနများအလိုက် တာဝန်ထမ်းဆောင်စေသည်။ တချို့ကို မိမိရပ်ရွာအတွင်း ပြန်လည်နေထိုင်စေ၍ ပြည်သူ့စစ်အဖြစ် တာဝန်ထမ်းဆောင်စေသည်။ တာဝန်ထမ်းဆောင်ချိန်ကာလ ပြည့်သွားပါကလည်း အဖွဲ့အစည်းမှ နုတ်ထွက်ခွင့်မပြုပါ။ တပ်မှထွက်ပြေးပါက 'ခွင့်မဲ့ပျက်ကွက်ခြင်း'အဖြစ်သတ်မှတ်ကာ ပြန်လည်ဖမ်းဆီးပြီး အကျဉ်းချအပြစ်ပေးလေ့ရှိသည်။ အကယ်၍ လက်နက်ခဲယမ်းများဖြင့် ထွက်ပြေးပါက သေဒဏ်ပေးခြင်းကိုလည်း ကျင့်သုံးသည်။

မှတ်ချက် - တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များအနေနှင့် စစ်သားစုဆောင်းခြင်း မူဝါဒများကို တရားဝင်ထုတ်ပြန်ခြင်း မရှိပါ။ TNLA သည် ၂၀၁၇ ခုနှစ် ဇူလိုင်က စ၍ ကျင့်သုံးလျက်ရှိသည့် စစ်သားစုဆောင်းခြင်းဆိုင်ရာ မူဝါဒနှင့် စည်းမျဉ်းများကို 'စစ်ဆင်ရေး ၁၀၂၇'ကာလရောက်မှ ထုတ်ပြန်ခဲ့သည်။ ဆယ်စုနှစ်အတွင်း ရှမ်းပြည်နယ်မြောက်ပိုင်းမှ အရပ်သားများ ကြုံတွေ့ခဲ့ရသော စစ်သားစုဆောင်းခံရသည့်ပုံစံများအပေါ် အခြေပြု၍ ISP-Myanmar က ဖော်ပြခြင်းဖြစ်သည်။


## ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းထားသော နိုင်ငံများ

ကမ္ဘာ့နိုင်ငံပေါင်း ၁၉၅ နိုင်ငံအနက် ၈၆ နိုင်ငံ (၄၄ ဒသမ ၁ ရာခိုင်နှုန်း)တွင် ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းထားသည်။ မြန်မာ့အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများဖြစ်သည့် တရုတ်၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ထိုင်း၊ စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင်လည်း ပြဋ္ဌာန်းထားသည်။ ထိုသို့ ဥပဒေပြဋ္ဌာန်းထားသော ၈၆ နိုင်ငံကို Freedom House ၏ လွတ်လပ်မှုအညွှန်းကိန်းဖြင့် တိုင်းတာကြည့်သည့်အခါ ခြောက်နိုင်ငံတွင် လွတ်လပ်မှုရှိပြီး ၁၃ နိုင်ငံတွင် တစိတ်တပိုင်း လွတ်လပ်မှုရှိသည်။ ၁၇ နိုင်ငံမှာမူ လုံးဝလွတ်လပ်ခွင့်မရှိပေ။ ကျန်ရှိသော နိုင်ငံ ၅၀ ၏ ဒေတာအချက်အလက်များမှာ Freedom House ၏ စာရင်းထဲ၌ ပါဝင်ခြင်းမရှိပေ။

■ ဥပဒေပြဋ္ဌာန်းထားမှု




■ Freedom House ၏ အညွှန်းကိန်း တိုင်းတာမှု




ရင်းမြစ် - World Population Review နှင့် Freedom House

တချိန်တည်းမှာ တိုင်းရင်းသားလက်နက်ကိုင် အင်အားစုတွေမှာလည်း အင်အား အတင်းအကျပ် စုဆောင်းမှုတွေနဲ့ စစ်ရေးချဲ့ထွင်မှုတွေရှိနေတာ သတိပြုစရာပါ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အသစ်ကို ဦးမတည်ကြတော့ဘဲ အင်အားစု၊ စစ်ချဲ့ထွင်ရေးနောက်ကိုသာ ကောက်ကောက်ပါသွားခဲ့ကြရင် မြန်မာနိုင်ငံရဲ့ လက်နက်ကိုင်ပဋိပက္ခဟာ ကာလ တစ်ုံတရာတိုင် ငြိမ်းအေးလျော့ကျသွားဖွယ် မရှိနိုင်တော့ပါဘူး။ လူငယ်ဘဝမှာ နှစ်တချို့ (အနည်းဆုံး နှစ်နှစ်တာ)ကို မဖြစ်မနေ စစ်မှုထမ်းရမယ်ဆိုတဲ့အခါ လူတဦးချင်းအနေနဲ့ တစုံတရာ လုပ်ဆောင်ရတဲ့အတွက်ကြောင့် အခြားတစုံတရာကို စွန့်လွှတ်ရမှု (opportunity cost) ဆိုတာမျိုး ရှိလာနိုင်ပါတယ်။ နိုင်ငံတခုလုံးအနေနဲ့ခြုံကြည့်ရင် လုံခြုံရေး/စစ်ရေးကို မဖြစ်မနေ ရွေးချယ်လိုက်တဲ့အခါ ကျန်တဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနဲ့ ထုတ်လုပ်မှုတွေအတွက် စွန့်လွှတ်ရမှု (nation’s opportunity cost) ဆိုတာလည်း မလွဲမသွေရှိလာနိုင်ပါတယ်။ တန်ဖိုးကြီးမားနိုင်သလို နိုင်ငံရဲ့ ဖြစ်ထွန်းလမ်းကြောင်းကြီးတခုလုံး မျိုးဆက်နဲ့ချီ အနုတ်လက္ခဏာအရွေ့ ဖြစ်သွားနိုင်ပါတယ်။ ■

နောက်ဆက်တွဲ-၁

## ပြည်သူ့စစ်မှုထမ်းခြင်း အချေအတင် ဆွေးနွေးမှုများ

မဖြစ်မနေစစ်မှုထမ်းစေခြင်း (Mandatory military service) ကို ဒီမိုကရေစီနိုင်ငံများ၏ ပညာရပ်ဆွေးနွေးမှုများမှာပင် 'နိုင်ငံသားချင်း စည်းလုံးညီညွတ်မှုကို ရရှိစေတယ်၊ နိုင်ငံချစ်စိတ်ကို တိုးပွားစေတယ်'ဟု ဖော်ပြခြင်းများရှိပါသည်။ ကျန်းမာသန်စွမ်းသော ဒီမိုကရေစီစနစ်တရပ်ကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် မရှိမဖြစ်လိုအပ်ပြီး နိုင်ငံသားဖြစ်မှုဆိုင်ရာပညာရေးကို တနည်းတဖုံ ဆောင်ရွက်မှုအဖြစ်လည်း ဆိုကြပါသည်။ အမေရိကန်ပြည်ထောင်စု၏ သမ္မတအဆက်ဆက်သည် ပြည်သူ့စစ်မှုထမ်းခြင်းကို တိုက်တွန်းခဲ့ကြပြီး စစ်အေးတိုက်ပွဲကာလအတွင်း ဒီမိုကရေစီနိုင်ငံ အများအပြား၌လည်း ကျင့်သုံးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်သွင်းလိုက်သော မြန်မာနိုင်ငံတွင်မူ ပြည်တွင်းစစ်မီး ပြင်းထန်စွာတောက်လောင်နေပြီး ဒီမိုကရေစီအုပ်ချုပ်ရေးတရပ်အောက်၌ အကောင်အထည်ဖော်ခြင်းလည်း မဟုတ်ပေ။ စစ်တပ်ကို အရပ်သားနိုင်ငံရေးအင်အားစုများက ထိန်းချုပ်ရန်ဆိုသည်မှာလည်း ဝေလာဝေးပင်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းစနစ်ကို ထောက်ခံကြသူများက 'နိုင်ငံသား-စစ်သားတွေ ပေါ်ထွန်းလာမယ်၊ အာဏာရှင်စနစ် ဖိနှိပ်မှုတွေကို တိုက်ပွဲဝင်မယ့် ကိုယ်ကျိုးမငဲ့ ခုခံကာကွယ်သူတွေ ပေါ်ထွန်းစေမယ်'ဟူသော စိတ်ကူးယဉ်မှု ရှိကြပါသည်။ ဆန့်ကျင်သူများကမူ 'စစ်တပ်ဆိုတာ အကြမ်းဖက်မှုနဲ့ ကျင့်ဝတ်စည်းပျက်မှုတွေကို ဖြန့်ဖြူးတဲ့ရင်းမြစ်'ဟု ဝေဖန်ကြသည်။ ယခုကဲ့သို့ ဆွေးနွေးငြင်းခုံမှုများသည် ပညာရပ်နယ်ပယ်တွင် ရှိနေဆဲဖြစ်သည်။ ပြည်သူ့စစ်မှုထမ်း တာဝန်ယူရသည့်အခါ လူတဦး၏လွတ်လပ်ခွင့် အခွင့်အရေးများ ကန့်သတ်ခံရသည်။ အပြန်အလှန်အားဖြင့် နိုင်ငံသားအားလုံး၏ လွတ်လပ်ခွင့်များနှင့် အခွင့်အရေးများအား နိုင်ငံတော်က ကာကွယ်ပေးရန်လည်း တာဝန်ရှိနေသည်။ ထိုအခါ ကျိုးကြောင်းမဆီလျော်ဖြစ်နေသည်။

စီးပွားရေးရှုထောင့်အရ ပြည်သူ့စစ်မှုထမ်းစနစ်ကို အကျယ်အပြန့်သော လူ့အဖွဲ့အစည်း၏ ကောင်းကျိုး (public goods) အတွက် ကုန်ကျစရိတ်ချိုသာစွာ ဆောင်ရွက်ခြင်းဟု ဆိုကြပါသည်။ လူ့အဖွဲ့အစည်းက စစ်တပ်၏ကုန်ကျစရိတ်များကို ပူးတွဲပြီး တာဝန်ထမ်းယူရခြင်းဖြစ်သည်။ သို့သော်လည်း ထိုအမြင်အပေါ် ဝေဖန်မှုများရှိပါသည်။ စစ်သားအဖြစ် တာဝန်ထမ်းဆောင်ရသူများက ထုတ်လုပ်မှုတာဝန်ကို မထမ်းနိုင်တော့ပေ။ လုပ်သားများအား အခြားနည်းဖြင့် အသုံးချသည့်အခါ သွင်းအားစုများကို နေရာပျက်ယွင်းစေပြီး ထုတ်လုပ်ရေးအကြောင်းအချက် (production factors) များအား လွဲမှားနေရာချထားမှုများ ဖြစ်စေသည်။ ထို့အပြင် မလုပ်ချင်သော တစုံတခုကို လူတဦးချင်းက လုပ်ဆောင်ရသဖြင့် ပေးဆပ်ရသည့် စွန့်လွှတ်မှု (opportunity cost) ကိုလည်း ထည့်သွင်းတွက်ချက်ရန် လိုအပ်ပါသည်။ မထိရောက် မထက်မြက်သော ထုတ်လုပ်မှု (inefficient production) ဖြစ်လာစေနိုင်သကဲ့သို့၊ လူတဦး၏ သို့မဟုတ် လက်နက်ကိုင်တပ်ဖွဲ့တခု၏ ကိုယ်ကျိုးစီးပွား (self-interest) အတွက် အသုံးချပါကလည်း ထိုရလဒ်သည် အများပြည်သူအတွက် ကောင်းကျိုးချမ်းသာ (public goods) မဖြစ်တော့ပေ။

နောက်ဆက်တွဲ-၂

## ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းထားသော နိုင်ငံများ

| စဉ် | နိုင်ငံအမည် | သတ်မှတ်ချက် | ကာလ | လွတ်လပ်မှုညွှန်းကိန်း (Freedom Index) |
|---|---|---|---|---|
| ၁။ | အယ်ဂျီးရီးယား | ၁၉ နှစ်မှ ၃၀ နှစ်အတွင်း အမျိုးသားများ | တနှစ် | - |
| ၂။ | အန်ဂိုလာ | ၂၀ နှစ်မှ ၄၅ နှစ်အတွင်း အမျိုးသားများ | နှစ်နှစ် | တစိတ်တပိုင်းလွတ်လပ် |
| ၃။ | အာဂျင်တီးနား | ဥပဒေကို ဆိုင်းငံ့ထား၊ လိုအပ်သော် အစိုးရက ပြန်လည်အသက်သွင်းနိုင်။ | | လွတ်လပ် |
| ၄။ | အာမေးနီးယား | ၁၈ နှစ်မှ ၂၇ နှစ်အတွင်း အမျိုးသားများ | နှစ်နှစ် | လွတ်လပ် |
| ၅။ | ဩစတြီးယား | ၁၈ နှစ်မှ ၅၀ နှစ်အတွင်း အမျိုးသားများ | ခြောက်လမှ ကိုးလ | - |
| ၆။ | အဇာဘိုင်ဂျန် | ၁၈ နှစ်မှ ၂၅ နှစ်အတွင်း အမျိုးသားများ | တနှစ်မှ တနှစ်ခွဲ | လွတ်လပ်မှုမရှိ |
| ၇။ | ဘယ်လာရုစ် | ၁၈ နှစ်မှ ၂၇ နှစ်အတွင်း အမျိုးသားများ | တနှစ်မှ သုံးနှစ် | လွတ်လပ်မှုမရှိ |
| ၈။ | ဘလိဇ် | ဥပဒေပြဋ္ဌာန်းထားသော်လည်း လိုအပ်ခြင်း မရှိသေး။ | | - |
| ၉။ | ဘီနင် | ၁၈ နှစ်မှ ၃၅ နှစ်အတွင်း အမျိုးသား၊ အမျိုးသမီးများ | တနှစ်ခွဲ | - |
| ၁၀။ | ဘူတန် | ၂၀ နှစ်မှ ၂၅ နှစ် အတွင်း အမျိုးသားများအား စစ်သင်တန်းပေးသည်။ စာရင်းသွင်းခြင်းကို မိမိဆန္ဒအလျောက် ဆုံးဖြတ်နိုင်သည်။ | | - |
| ၁၁။ | ဘိုလီးဗီးယား | ၁၈ နှစ်မှ ၂၂ နှစ်အတွင်း အမျိုးသားများ | တနှစ်မှ နှစ်နှစ် | - |
| ၁၂။ | ဘရာဇီး | ၁၈ နှစ်မှ ၄၅ နှစ်အတွင်း အမျိုးသားများ | ၁၀ လမှ တနှစ် | တစိတ်တပိုင်းလွတ်လပ် |
| ၁၃။ | ကမ္ဘောဒီးယား | ၁၈ နှစ်မှ ၃၀ နှစ်အတွင်း အမျိုးသားများ | တနှစ်ခွဲ | တစိတ်တပိုင်းလွတ်လပ် |
| ၁၄။ | ကိတ်ဗာဒီ | ၁၈ နှစ်မှ ၃၅ နှစ်အတွင်း အမျိုးသားများ | နှစ်နှစ် | - |
| ၁၅။ | ချက် | ၂၀ နှစ်အရွယ် အမျိုးသားများ၊ ၂၁ နှစ်အရွယ် အမျိုးသမီးများ | အမျိုးသား - သုံးနှစ် အမျိုးသမီး - တနှစ် | - |
| ၁၆။ | ချီလီ | ၁၈ နှစ်မှ ၄၅ နှစ်အတွင်း အမျိုးသားများ | ၁၂ လမှ ၂၂ လ | - |
| ၁၇။ | တရုတ် | ၁၈ နှစ်မှ ၂၂ နှစ်အတွင်း အမျိုးသားများ (စစ်မှုထမ်းရန် လိုအပ်ခြင်း မရှိသေး) | နှစ်နှစ် | လွတ်လပ်မှုမရှိ |
| ၁၈။ | ကိုလံဘီယာ | ၁၈ နှစ်မှ ၂၄ နှစ်အတွင်း အမျိုးသားများ | တနှစ်ခွဲ | တစိတ်တပိုင်းလွတ်လပ် |
| ၁၉။ | ကွန်ဂို | ၁၈ နှစ်မှ ၄၅ နှစ်အတွင်း နိုင်ငံသားများ စစ်မှုထမ်းရန် ပြဋ္ဌာန်းထားသည်။ တာဝန်ထမ်းဆောင်ရခြင်းရှိ၊ မရှိ မသဲကွဲ။ | | - |
| ၂၀။ | ကျူးဘား | ၁၇ နှစ်မှ ၂၈ နှစ်အတွင်း အမျိုးသားများ | နှစ်နှစ် | လွတ်လပ်မှုမရှိ |
| ၂၁။ | ဆိုက်ပရပ်စ် | ၁၈ နှစ်မှ ၅၀ နှစ်အတွင်း အမျိုးသားများ | ၁၄ လ | - |

| စဉ် | နိုင်ငံအမည် | သတ်မှတ်ချက် | ကာလ | လွတ်လပ်မှုညွှန်းကိန်း (Freedom Index) |
|---|---|---|---|---|
| ၂၂။ | ဒိန်းမတ် | ၁၈ နှစ်အရွယ် အမျိုးသားများ စစ်သင်တန်းတက်ရသည်။ | လေးလမှ တနှစ် | - |
| ၂၃။ | အီဂျစ် | ၁၈ နှစ်မှ ၃၀ နှစ်အတွင်း အမျိုးသားများ | တနှစ်ခွဲမှ သုံးနှစ် (ကိုးနှစ်အထိ ထပ်တိုးနိုင်) | လွတ်လပ်မှုမရှိ |
| ၂၄။ | အယ်လ်ဆာဗေဒို | ၁၈ နှစ်အရွယ် အမျိုးသားများ | ၁၁ လမှ တနှစ် | - |
| ၂၅။ | အီကွေတာဂီနီ | ၁၈ နှစ်အရွယ် နိုင်ငံသားများ | နှစ်နှစ် | - |
| ၂၆။ | အီရစ်ထရီးယား | ၁၈ နှစ်မှ ၄၀ နှစ်အတွင်း အမျိုးသား၊ အမျိုးသမီးများ | တနှစ်ခွဲ (အကန့်အသတ်မရှိ ထပ်တိုးနိုင်) | - |
| ၂၇။ | အက်စတိုးနီးယား | ၁၈ နှစ်မှ ၂၇ နှစ်အတွင်း အမျိုးသားများ | ရှစ်လမှ ၁၁ လ | လွတ်လပ် |
| ၂၈။ | အီသီယိုးပီးယား | ဥပဒေ တည်ရှိသော်လည်း အကောင်အထည်ဖော်ခြင်း မရှိသေး၊ လိုအပ်သော် စစ်တပ်က ဆောင်ရွက်နိုင်။ | | လွတ်လပ်မှုမရှိ |
| ၂၉။ | ဖင်လန် | ၁၈ နှစ်အရွယ် အမျိုးသားများ (အသက် ၆၀ အထိ သတ်မှတ်နိုင်) | ခြောက်လမှ တနှစ် | - |
| ၃၀။ | ဂျော်ဂျီယာ | ၁၈ နှစ်မှ ၂၇ နှစ်အတွင်း အမျိုးသားများ | တနှစ် | လွတ်လပ် |
| ၃၁။ | ဂရိ | ၁၉ နှစ်မှ ၄၅ နှစ်အတွင်း အမျိုးသားများ | ကိုးလမှ တနှစ် | - |
| ၃၂။ | ဂွါတီမာလာ | ၁၇ နှစ်မှ ၂၁ နှစ်အတွင်း အမျိုးသားများ | တနှစ်မှ နှစ်နှစ် | - |
| ၃၃။ | ဂီနီဗစ်ဆော | ၁၈ နှစ်မှ ၂၅ နှစ်အတွင်း အမျိုးသား၊ အမျိုးသမီးများ | နှစ်နှစ် | - |
| ၃၄။ | အင်ဒိုနီးရှား | ၁၈ နှစ်အရွယ် အမျိုးသားများကို လိုအပ်ချက်ပေါ် မူတည်ပြီး ရွေးချယ်ကာ စစ်မှုထမ်းစာရင်းသွင်းခြင်း လုပ်ဆောင်သည်။ (လက်တွေ့ကျင့်သုံးခြင်း မရှိသေး) | တနှစ်ခွဲမှ နှစ်နှစ် | တစိတ်တပိုင်းလွတ်လပ် |
| ၃၅။ | အီရန် | ၁၈ နှစ်အရွယ် အမျိုးသားများ | တနှစ်ခွဲမှ နှစ်နှစ် | လွတ်လပ်မှုမရှိ |
| ၃၆။ | အစ္စရေး | ၁၈ နှစ်အရွယ် အမျိုးသား၊ အမျိုးသမီးများ | နှစ်နှစ်မှ လေးနှစ် (လေယာဉ်မှူးများ ကိုးနှစ်အထိ ထမ်းဆောင်ရ) | - |
| ၃၇။ | အိုင်ဗရီကို့စ် | ၁၈ နှစ်မှ ၂၅ နှစ်အတွင်း အမျိုးသား၊ အမျိုးသမီးများ (ဥပဒေ ပြဋ္ဌာန်းထားသော်လည်း အာဏာမတည်သေး) | - | - |
| ၃၈။ | ဂျော်ဒန် | ၂၅ နှစ်မှ ၂၉ နှစ်အတွင်း အလုပ်လက်မဲ့ အမျိုးသားများ | တနှစ် | တစိတ်တပိုင်းလွတ်လပ် |
| ၃၉။ | ကာဇက်စတန် | ၁၈ နှစ်မှ ၂၇ နှစ်အတွင်း အမျိုးသားများ | တနှစ်မှ နှစ်နှစ် | လွတ်လပ်မှုမရှိ |
| ၄၀။ | ကူဝိတ် | ၁၈ နှစ်မှ ၃၅ နှစ်အတွင်း အမျိုးသားများ | တနှစ် | - |

| စဉ် | နိုင်ငံအမည် | သတ်မှတ်ချက် | ကာလ | လွတ်လပ်မှုညွှန်းကိန်း (Freedom Index) |
|---|---|---|---|---|
| ၄၁။ | ကာဂျစ်စတန် | ၁၈ နှစ်မှ ၂၇ နှစ်အတွင်း အမျိုးသားများ | ကိုးလမှ တနှစ် | တစိတ်တပိုင်းလွတ်လပ် |
| ၄၂။ | လာအို | ၁၈ နှစ်အရွယ် အမျိုးသားများ | တနှစ်ခွဲ | - |
| ၄၃။ | လစ်သူယေးနီးယား | ၁၉ နှစ်မှ ၂၆ နှစ်အတွင်း အမျိုးသားများ | ကိုးလ | - |
| ၄၄။ | မာလီ | ၁၈ နှစ်အရွယ် အမျိုးသား၊ အမျိုးသမီးများ | နှစ်နှစ် | - |
| ၄၅။ | မက္ကဆီကို | ၁၈ နှစ်အရွယ် အမျိုးသားများကို မဲနှိုက်ရွေးချယ်ကာ စစ်မှုထမ်းစေသည်။ (အသက် ၄၀ နှစ်အထိ အကျုံးဝင်) | တနှစ် | တစိတ်တပိုင်းလွတ်လပ် |
| ၄၆။ | မော်လ်ဒိုဗာ | ၁၈ နှစ်မှ ၂၇ နှစ်အတွင်း အမျိုးသားများ | တနှစ် | - |
| ၄၇။ | မွန်ဂိုးလီးယား | ၁၈ နှစ်မှ ၂၇ နှစ်အတွင်း အမျိုးသားများ (အသက် ၄၅ နှစ်အထိ အကျုံးဝင်) | တနှစ်မှ နှစ်နှစ် | - |
| ၄၈။ | မော်ရိုကို | ၁၉ နှစ်အရွယ် အမျိုးသား၊ အမျိုးသမီးများ | တနှစ် | တစိတ်တပိုင်းလွတ်လပ် |
| ၄၉။ | မိုဇမ်ဘစ် | ၁၈ နှစ်မှ ၃၅ နှစ်အတွင်း အမျိုးသားများ | နှစ်နှစ် | - |
| ၅၀။ | မြန်မာ | သာမန်လူငယ်များ<br>၁၈ နှစ်မှ ၃၅ နှစ်အတွင်း အမျိုးသားများ၊<br>၁၈ နှစ်မှ ၂၇ နှစ်အတွင်း အမျိုးသမီးများ<br><br>ကျွမ်းကျင်သူများ<br>၁၈ နှစ်မှ ၄၅ နှစ်အတွင်း အမျိုးသားများ၊<br>၁၈ နှစ်မှ ၃၅ နှစ်အတွင်း အမျိုးသမီးများ | နှစ်နှစ်မှ ငါးနှစ်<br><br>သုံးနှစ်မှ ငါးနှစ် | လွတ်လပ်မှုမရှိ |
| ၅၁။ | နိုင်ဂျာ | ၁၈ နှစ်အရွယ် အိမ်ထောင်မရှိသော အမျိုးသား၊ အမျိုးသမီးများ | နှစ်နှစ် | - |
| ၅၂။ | မြောက်ကိုရီးယား | ၁၇ နှစ်အရွယ် အမျိုးသား၊ အမျိုးသမီးများ | အမျိုးသား - ၁၀ နှစ်<br>အမျိုးသမီး - ငါးနှစ် | - |
| ၅၃။ | နော်ဝေ | ၁၉ နှစ်မှ ၃၅ နှစ်အတွင်း အမျိုးသား၊ အမျိုးသမီးများ | တနှစ်<br>(ငါးလအထိ ထပ်တိုးနိုင်) | - |
| ၅၄။ | ပါရာဂွေး | အသက် ၁၈ နှစ်အရွယ် အမျိုးသားများ | တနှစ်မှ နှစ်နှစ် | - |
| ၅၅။ | ပိုလန် | ၂၀၀၉ ခုနှစ်ကတည်းက စစ်မှုထမ်းဥပဒေကို အသုံးမပြုတော့ပါ။ သို့သော် ဥပဒေကြောင်းအရ အသက်သွင်းနိုင်ဆဲဖြစ်သည်။ အရွယ်ရောက်ပြီးသော အမျိုးသားများ စစ်မှုထမ်းအရည်အချင်း စစ်ဆေးခံရပြီး အရန်တပ်အနေဖြင့် ထားရှိသည်။ | | - |
| ၅၆။ | ပေါ်တူဂီ | ဥပဒေ ပြဋ္ဌာန်းထားသော်လည်း ကျင့်သုံးခြင်း မရှိသေး။ | | - |
| ၅၇။ | ကာတာ | ၁၈ နှစ်မှ ၃၅ နှစ်အတွင်း အမျိုးသားများ | လေးလမှ တနှစ် | - |
| ၅၈။ | ရုရှား | ၁၈ နှစ်မှ ၂၇ နှစ်အတွင်း အမျိုးသားများ (အသက် ၅၀ အထိ အကျုံးဝင်) | တနှစ် | လွတ်လပ်မှုမရှိ |

| စဉ် | နိုင်ငံအမည် | သတ်မှတ်ချက် | ကာလ | လွတ်လပ်မှုညွှန်းကိန်း (Freedom Index) |
|---|---|---|---|---|
| ၅၉။ | ဆန်မာရီနို | လိုအပ်လာသောအခါ အသက် ၁၆ နှစ်မှ ၆၀ နှစ်အတွင်း နိုင်ငံသားများကို စစ်မှုထမ်းရန် စစ်တပ်က စာရင်းသွင်းခြင်း ဆောင်ရွက်နိုင်သည်။ | | - |
| ၆၀။ | ဆောင်တူမေးနှင့် ပရင်စီပီ | ၁၈ နှစ်အရွယ် နိုင်ငံသားများ စစ်မှုထမ်းရန် ပြဋ္ဌာန်းထားသည်။ အာဏာတည်ခြင်း မရှိသေး။ | | - |
| ၆၁။ | ဆီနီဂေါ | ၂၀ အရွယ် အမျိုးသား၊ အမျိုးသမီးများ | နှစ်နှစ် | - |
| ၆၂။ | စင်ကာပူ | ၁၈ နှစ်မှ ၂၁ နှစ်အတွင်း အမျိုးသားများ (၄၀ နှစ်အထိ အကျုံးဝင်၊ အရာရှိများ ၅၀ နှစ်အထိ) | နှစ်နှစ် | တစိတ်တပိုင်းလွတ်လပ် |
| ၆၃။ | ဆလိုဗားကီးယား | ၂၀၀၄ ခုနှစ်၌ ဥပဒေကို ဆိုင်းငံ့ခဲ့သည်။ စစ်မက်ဖြစ်ပွားသော် ပြန်လည်အသက်သွင်းနိုင်သည်။ | | - |
| ၆၄။ | ဆိုမာလီယာ | ဥပဒေပြဋ္ဌာန်းထားက ၁၈ နှစ်မှ ၄၀ အတွင်း အမျိုးသားများနှင့် ၁၈ နှစ်မှ ၃၀ နှစ်အတွင်း အမျိုးသမီးများကို စစ်မှုထမ်းရန် စာရင်းသွင်းခြင်း ဆောင်ရွက်သည်။ လက်တွေ့အကောင်အထည်ဖော်ခြင်း မရှိသေး။ | | - |
| ၆၅။ | တောင်ကိုရီးယား | ၁၈ နှစ်မှ ၂၈ နှစ်အတွင်း အမျိုးသားများ | ၂၁ လမှ နှစ်နှစ် | တစိတ်တပိုင်းလွတ်လပ် |
| ၆၆။ | တောင်ဆူဒန် | ၁၈ နှစ်အရွယ် နိုင်ငံသားများ | တနှစ်မှ နှစ်နှစ် | - |
| ၆၇။ | ဆူဒန် | ၁၈ နှစ်မှ ၃၃ နှစ်အတွင်း အမျိုးသား၊ အမျိုးသမီးများ | တနှစ်မှ နှစ်နှစ် | လွတ်လပ်မှုမရှိ |
| ၆၈။ | စပိန် | ၂၀၀၁ ခုနှစ်၌ ဥပဒေကို ဖျက်သိမ်းခဲ့သော်လည်း နိုင်ငံတော်အရေးပေါ်ကာလတွင် အစိုးရက ၁၉ နှစ်မှ ၂၅ နှစ်အတွင်း နိုင်ငံသားများကို စစ်မှုထမ်းစာရင်းသွင်းခြင်း ဆောင်ရွက်နိုင်သည်။ | | - |
| ၆၉။ | ဆွီဒင် | ၁၈ နှစ်အရွယ် အမျိုးသား၊ အမျိုးသမီးများ (အသက် ၄၇ နှစ်အထိ အကျုံးဝင်)။ စာရင်းသွင်းသူများထဲမှ အချိုးအစားအနည်းငယ်သာ တာဝန်ထမ်းဆောင်ရန် ရွေးချယ်ခံရသည်။ | ခုနှစ်လခွဲမှ ၁၅ လ | - |
| ၇၀။ | ဆွစ်ဇာလန် | ၁၈ နှစ်မှ ၃၀ နှစ်အတွင်း အမျိုးသားများ | ၂၄၅ ရက် | - |
| ၇၁။ | ဆီးရီးယား | ၁၈ နှစ်မှ ၄၂ နှစ်အတွင်း အမျိုးသားများ | တနှစ်ခွဲ | - |
| ၇၂။ | ထိုင်ဝမ် | ၁၈ နှစ်မှ ၃၆ နှစ်အတွင်း အမျိုးသားများ | လေးလ | လွတ်လပ် |
| ၇၃။ | တာဂျစ်ကစ္စတန် | ၁၈ နှစ်မှ ၂၇ နှစ်အတွင်း အမျိုးသားများ (ငွေပေးကာ စစ်မှုထမ်းကင်းလွတ်ခွင့် ရယူနိုင်) | နှစ်နှစ် | - |
| ၇၄။ | ထိုင်း | ၂၁ နှစ်အရွယ် အမျိုးသားများကို မဲနှိုက်ရွေးချယ်ကာ စစ်မှုထမ်းစေသည်။ | နှစ်နှစ် | လွတ်လပ်မှုမရှိ |
| ၇၅။ | တူနီးရှား | ၂၀ နှစ်မှ ၃၅ နှစ်အတွင်း နိုင်ငံသားများ | တနှစ် | တစိတ်တပိုင်းလွတ်လပ် |
| ၇၆။ | တူရကီ | ၂၀ နှစ်အရွယ် အမျိုးသားများ (စစ်သင်တန်း တလပြီးသောအခါ ငွေပေးကာ ကင်းလွတ်ခွင့်ရယူနိုင်) | ခြောက်လမှ တနှစ် | လွတ်လပ်မှုမရှိ |

| စဉ် | နိုင်ငံအမည် | သတ်မှတ်ချက် | ကာလ | လွတ်လပ်မှုညွှန်းကိန်း (Freedom Index) |
|---|---|---|---|---|
| ၇၇။ | အရှေ့တီမော | ၁၈ နှစ်မှ ၃၀ အတွင်း အမျိုးသား၊ အမျိုးသမီးများ စစ်မှုထမ်းရန် ပြဋ္ဌာန်းထားသည်။ (အကောင်အထည်ဖော်ခြင်းရှိ၊ မရှိ မသဲကွဲ) | တနှစ်ခွဲ | - |
| ၇၈။ | တာ့ခ်မင်နစ္စတန် | ၁၈ နှစ်မှ ၃၀ နှစ်အတွင်း အမျိုးသားများ | နှစ်နှစ်မှ နှစ်နှစ်ခွဲ | - |
| ၇၉။ | ယူကရိန်း | ၂၀ နှစ်မှ ၂၇ နှစ်အတွင်း အမျိုးသားများ | တနှစ်မှ နှစ်နှစ် | တစိတ်တပိုင်းလွတ်လပ် |
| ၈၀။ | အာရပ်စော်ဘွားများ ပြည်ထောင်စု | ၁၈ နှစ်မှ ၃၀ နှစ်အတွင်း အမျိုးသားများ | တနှစ်လေးလမှ နှစ်နှစ် | လွတ်လပ်မှုမရှိ |
| ၈၁။ | အမေရိကန်ပြည်ထောင်စု | မိမိဆန္ဒအရ စစ်တပ်တွင်း ဝင်ရောက်ကာ အမှုထမ်းနိုင်ခြင်းမှာ ၁၉၇၃ ခုနှစ်ကတည်းကဖြစ်သည်။ သို့သော် နိုင်ငံတော်အရေးပေါ်အခြေအနေတွင် ကွန်ဂရက်က ဥပဒေကို ပြဋ္ဌာန်းနိုင်သည်။ | | လွတ်လပ် |
| ၈၂။ | ဥရုဂွေး | ဥပဒေတည်ရှိသော်လည်း စာရင်းသွင်းခြင်း မဆောင်ရွက်တော့ပါ။ နိုင်ငံတော်အရေးပေါ်အခြေနေတွင် အစိုးရက ဥပဒေကို အသက်သွင်းနိုင်။ | | - |
| ၈၃။ | ဥဇဘက်ကစ္စတန် | ၁၈ နှစ်မှ ၂၇ နှစ်အတွင်း အမျိုးသားများ (ငွေပေးကာ တလသာ စစ်မှုထမ်းနိုင်သည်။ သို့သော် ၂၇ နှစ်အထိ အရန်အနေဖြင့် ကျန်နေမည်ဖြစ်သည်။) | တနှစ် | လွတ်လပ်မှုမရှိ |
| ၈၄။ | ဗင်နီဇွဲလား | အတင်းအကျပ် စစ်သားစုဆောင်းခြင်းကို တားမြစ်ထားသည်။ ၁၈ နှစ်မှ ၅၀ အတွင်း နိုင်ငံသားများ စစ်မှုထမ်းစာရင်းသွင်းရသည်။ | တနှစ် | လွတ်လပ်မှုမရှိ |
| ၈၅။ | ဗီယက်နမ် | ၁၈ နှစ်မှ ၂၇ နှစ်အတွင်း အမျိုးသားများ (အမျိုးသမီးများ အကျုံးဝင်၊ ဥပဒေပြဋ္ဌာန်းထားခြင်း မရှိ) | နှစ်နှစ်မှ သုံးနှစ် | လွတ်လပ်မှုမရှိ |
| ၈၆။ | တန်ဇန်နီးယား | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို နှစ်နှစ် ထမ်းဆောင်ရန် ခွင့်ပြုထားသည်။ သတ်မှတ်ချက် မရှင်းလင်းဘဲ အချက်အလက် အကန့်အသတ်ရှိပါသည်။ | နှစ်နှစ် | - |

အထက်ပါ စစ်မှုထမ်းဥပဒေပြဋ္ဌာန်းထားသော ၈၆ နိုင်ငံတွင် ၅၄ နိုင်ငံမှာ အမျိုးသားများသာစစ်မှုထမ်းရန် သတ်မှတ်ထားသည်။ အမျိုးသားသာမက အမျိုးသမီးပါ စစ်မှုထမ်းရန် သတ်မှတ်ထားသောနိုင်ငံများမှာ မြန်မာနိုင်ငံအပါအဝင် ၁၈ နိုင်ငံသာရှိသည်။ ဂျော်ဒန်နိုင်ငံတွင်မူ အလုပ်လက်မဲ့အမျိုးသားများကို စစ်မှုထမ်းရန်သတ်မှတ်ထားကြောင်းတွေ့ရပြီး နိုင်ဂျာနိုင်ငံတွင် အိမ်ထောင်မပြုရသေးသော အမျိုးသား၊ အမျိုးသမီးများကိုသာ စစ်မှုထမ်းရန် ပြဋ္ဌာန်းထားသည်။ စစ်မှုထမ်းရန် စိစစ်ရွေးချယ်ရာတွင် မက္ကဆီကိုနှင့် ထိုင်းနိုင်ငံတို့တွင် မဲနှိုက်ရွေးချယ်သောစနစ်ကို အသုံးပြုကြောင်း တွေ့ရသည်။

ရင်းမြစ် - World Population Review နှင့် Freedom House

နောက်ဆက်တွဲ-၃

## ပြည်သူ့စစ်မှုထမ်းဥပဒေ - သိဖွယ် ငါးချက်

### သမိုင်းနောက်ခံ

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၄ ရက်တွင် စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ လက်မှတ်ရေးထိုး ပြဌာန်းသည်။ ၁၃ နှစ်ကျော်ကြာပြီးနောက် ယင်းဥပဒေ အာဏာတည်ကြောင်းကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စစ်ကောင်စီက အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့သည်။ ပြည်သူများ စစ်မှုထမ်းခြင်းနှင့်သက်ဆိုင်သည့် ပြည်သူ့စစ်မှုထမ်းအက်ဥပဒေကို ၁၉၅၉ ခုနှစ်တွင် သမ္မတမန်းဝင်းမောင် လက်မှတ်ရေးထိုး၍ ပြဌာန်းခဲ့ဖူးပြီး ၁၉၆၂ ခုနှစ် ဇူလိုင် ၈ ရက်တွင် အာဏာတည်ခဲ့ကာ ယင်းနှစ်တွင်ပင် နှစ်ကြိမ်ပြင်ဆင်သည်။ စစ်ကောင်စီ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၅[၁]၊ ၃၈၆[၂] တို့တွင်လည်း နိုင်ငံသားများ စစ်မှုထမ်းခြင်းတို့နှင့်ပတ်သက်၍ ဖော်ပြထားသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သိထားသင့်သည့် အချက်ငါးချက်ကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

### ၁။ စစ်မှုထမ်းရမည့်သူများနှင့် အသက်အရွယ်သက်မှတ်ချက်

စစ်မှုထမ်းရန် အကျုံးဝင်သူများမှာ အသက် ၁၈ နှစ်မှ ၃၅ နှစ်မပြည့်သေးသူ အမျိုးသားများနှင့် အသက် ၁၈ နှစ်မှ ၂၇ နှစ်မပြည့်သေးသူ အမျိုးသမီးများဖြစ်သည်။ သို့သော် ကျွမ်းကျင်ပညာရှင် (ဆရာဝန်၊ အင်ဂျင်နီယာ၊ စက်မှုလက်မှုပညာတတ်မြောက်သူ သို့မဟုတ် အခြားအတတ်ပညာတရပ်ရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူ) ဖြစ်ပါက အမျိုးသားဖြစ်လျှင် အသက် ၁၈ နှစ်မှ ၄၅ နှစ်အထိနှင့် အမျိုးသမီးဖြစ်လျှင် အသက် ၁၈ နှစ်မှ ၃၅ နှစ်အထိ အကျုံးဝင်သည်။

### ၂။ စစ်မှုထမ်းခြင်းမှ ကင်းလွတ်သူများနှင့် ယာယီရွှေ့ဆိုင်းခွင့်ရသူများ

သာသနာ့ဝန်ထမ်းများ၊ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူများ)၊ ကိုယ်လက်အင်္ဂါတခုခု အမြဲမသန်စွမ်းသူများ၊ စစ်မှုထမ်းရန် အမြဲတမ်းမသင့်တော်သူများဟု တပ်မတော်

---

[၁] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

[၂] နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်။

ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က သတ်မှတ်ထားသူများနှင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပေးထားသူများမှာ ကင်းလွတ်ခွင့်ရမည်ဖြစ်သည်။

သာသနာ့ဝန်ထမ်းဟုဆိုရာ၌ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာနှင့် ဟိန္ဒူဘာသာတို့အတွက်သာ သတ်မှတ်ထားသည်။ ဗုဒ္ဓဘာသာအတွက် သာသနာနွယ်ဝင်လက်မှတ်[၃] ကိုင်ဆောင်ထားသည့် ရဟန်း၊ သာမဏေ၊ မယ်သီလရှင်၊ ခရစ်ယာန်ဘာသာအတွက် သာသနာ့တာဝန်ထမ်းဆောင်ရန် အဓိကအားဖြင့် မိမိကိုယ်ကို ဆက်ကပ်ပြီးသောပုဂ္ဂိုလ်ဟု သက်ဆိုင်ရာ ခရစ်ယာန်အသင်းတော်ကြီးများ (Churches) က အသိအမှတ်ပြု၍ သိက္ခာပေးထားခြင်းခံရသောပုဂ္ဂိုလ်၊ ဟိန္ဒူဘာသာအတွက် စံယာစီ၊ မဟာန့် သို့မဟုတ် ဟိန္ဒူဘုန်းတော်ကြီးဖြစ်ရန် လိုအပ်သည်။

ယာယီအားဖြင့် စစ်မှုထမ်းနိုင်သည့် ကျန်းမာရေးအဆင့်မမီကြောင်း တပ်မတော် ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ထောက်ခံထားသူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပညာသင်ကြားနေသူများ[၄]၊ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို လုပ်ကျွေးပြုစုနေသူများ၊ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများနှင့် ထောင်ဒဏ်ကျခံနေရသူများမှာ ယာယီအားဖြင့် ရွှေ့ဆိုင်းထားခွင့်ရှိသည်။ သို့သော် ထိုကာလများ ပြီးဆုံးပါက အသက်အရွယ်ကျော်လွန်စေကာမူ စစ်မှုထမ်းရမည်။

## ၃။ စစ်မှုထမ်းရမည့်ကာလ

စစ်မှုထမ်းရမည့်ကာလမှာ နှစ်နှစ်ဖြစ်ပြီး တပ်မတော် စက်မှုလက်မှုပညာသည်[၅] အဖြစ် သတ်မှတ်ထားသူများ၊ သို့မဟုတ် ကျွမ်းကျင်သူအမျိုးအစားတွင် ပါဝင်သူများမှာ သုံးနှစ်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်တွင် အရေးပေါ်အခြေအနေအဖြစ် ကြေညာထားပါက ငါးနှစ်ဖြစ်သည်[၆]။

## ၄။ ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ဖော်ရန် လိုအပ်သည့်လုပ်ငန်းစဉ်များ

ပထမဆုံး ဥပဒေ အာဏာတည်ကြောင်း ကြေညာပြီးသည့်နောက် ဆက်လက်အကောင်အထည်ဖော်ရန် လုပ်ငန်းစဉ်အဆင့်များ ကျန်ရှိနေသေးသည်။ နည်းဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း၊ ပြည်သူ့စစ်မှုထမ်းစာရင်းကို

---

၃ သာသနာနွယ်ဝင် လက်မှတ်ကို ရပ်/ကျေးသံဃနာယကအဖွဲ့မှ မြို့နယ်သံဃနာယကအဖွဲ့သို့ တင်ပြပြီး သက်ဆိုင်ရာမြို့နယ် သာသနာရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့၏ ထောက်ခံချက်ဖြင့် ထုတ်ပေးခြင်းဖြစ်သည်။

၄ အစိုးရက ဖွင့်လှစ်ထားသော သို့မဟုတ် အသိအမှတ်ပြုထားသော တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် ပညာသင်ကြားနေသူများကို ဆိုလိုသည်။

၅ တပ်မတော်တွင် တာဝန်ထမ်းဆောင်နေသူများအနက် ကာကွယ်ရေးဌာနကောင်စီက တပ်မတော် စက်မှုလက်မှုပညာသည်အဖြစ် သတ်မှတ်သူများကို ဆိုလိုသည်။

၆ အရေးပေါ်အခြေအနေကို ၂၀၂၄ ခုနှစ် ဇူလိုင်လကုန်အထိ ကြေညာထားသည်။

- ပြုစုရန် ဗဟိုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအဆင့်များအတွက် အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ တပ်မတော်ထဲတွင် ပြည်သူ့စစ်မှုထမ်းကိစ္စ တာဝန်ခံကိုင်တွယ်ဆောင်ရွက်ရမည့်ဌာန၊ လေ့ကျင့်သင်တန်းပေးရေး၊ တာဝန်ခွဲဝေချထားခြင်း စသဖြင့် ဖွဲ့စည်းမှုများအတွက် အချိန်လိုအပ်ပါသည်။ အကြမ်းဖျင်းဖြစ်နိုင်ခြေအရ လူစာရင်းပြုစုခြင်းသည် နှစ်လခန့် ကြာနိုင်ပြီး ဆင့်ခေါ်ခြင်းနှင့် ဆေးစစ်ခြင်းစသော လုပ်ငန်းများအတွက် အချိန် တလမှ နှစ်လအထိ ကြာမြင့်နိုင်သည်။ ထို့ကြောင့် သင်တန်းအမှတ်စဉ်-၁ စတင်မှုသည် အစောဆုံး ဇွန်လ၊ နောက်အကျဆုံး ဩဂုတ်လတွင် ဖြစ်နိုင်ခြေရှိပြီး သင်တန်းကြာမြင့်ချိန် လေးလမှ ငါးလအထိ သတ်မှတ်မည်ဆိုပါက သင်တန်းအပတ်စဉ်-၁ ပြီးဆုံးချိန်သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ၊ ဒီဇင်ဘာလ သို့မဟုတ် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ဖြစ်နိုင်ပါသည်။

## ၅။ စစ်မှုထမ်းအရွယ်၊ ဦးရေနှင့် အခြား

မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းရန် အကျုံးဝင်သူဦးရေ ၁၄ သန်းဝန်းကျင် (အမျိုးသား ၆ ဒသမ ၃ သန်းနှင့် အမျိုးသမီး ၇ ဒသမ ၇ သန်း) ရှိကြောင်း စစ်ကောင်စီက ပြောဆိုသည်။ ယင်းပမာဏသည် မြန်မာ့လူဦးရေ ၅၁ သန်းကျော်၏ ၂၇ ရာခိုင်နှုန်းကျော် ဖြစ်သည်။ တနည်းအားဖြင့် လူလေးဦးလျှင် တဦးက စစ်မှုထမ်းရန် အကျုံးဝင်နေပါသည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်မှ ၄၄ နှစ်အကြား အမျိုးသား ၁၁ ဒသမ ၃ သန်း ခန့်နှင့် အသက် ၁၅ နှစ်မှ ၃၄ နှစ်အကြား အမျိုးသမီး ၈ ဒသမ ၈ သန်းကျော် ရှိသည်။

စစ်ကောင်စီက သင်တန်းအမှတ်စဉ်-၁ အတွက် အင်အား ၅,၀၀၀ ဦးကို ဧပြီလအတွင်း (မြန်မာ့ရိုးရာ သင်္ကြန် နှစ်သစ်ကူးအပြီးတွင်) ခေါ်ယူရန် ပြင်ဆင်နေသည်။ တလလျှင် တကြိမ်နှုန်းဖြင့် တနှစ်အတွက် အင်အား ၆၀,၀၀၀ ရရှိရန် စီမံထားသည်။ သင်တန်းအပတ်စဉ်-၁ မှ သင်တန်းအပတ်စဉ်-၄ အထိ အမျိုးသားများကိုသာ ခေါ်ယူသွားမည်ဖြစ်ပြီး အမျိုးသမီးများအား သင်တန်းအပတ်စဉ်-၅ ရောက်မှသာ ခေါ်ယူရန် လျာထားကြောင်း သိရသည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းသားများသည် သင်တန်းတက်ရောက်စဉ်ကာလနှင့် သင်တန်းပြီးဆုံး၍ တာဝန်ထမ်းဆောင်ချိန်ကာလများတွင် လစာ၊ စရိတ်၊ ရိက္ခာနှင့် အခြားခံစားခွင့်အားလုံးကို လက်ရှိ စစ်ကောင်စီ တပ်ဖွဲ့ဝင်များ ရရှိသည့်အတိုင်း ခံစားခွင့်ရမည်ဟုဆိုသည်။ ထူးခြားချက်အနေဖြင့် သင်တန်းသားများသည် သင်တန်းကာလပြီးဆုံးချိန်တွင် ဆန္ဒရှိသည့်အရပ်ဒေသများ၌ သတ်မှတ်ကာလအထိ တာဝန်ထမ်းဆောင်ရမည်ဟု စစ်ကောင်စီက သတ်မှတ်ထားသည်။

ISP-Myanmar က ထုတ်ဝေထားတဲ့
သုတေသနအခြေခံ ဒေတာအချက်အလက်တွေနဲ့
စာအုပ်စာတမ်းတွေကို ISP ကပြင်ရပ်ဝန်းမှာ အခမဲ့ ရယူနိုင်ပါတယ်။

ISP Series

ISP Telegram

ISP YouTube

ISP LinkedIn

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai, 50202.